နိဗ္ဗာနဂါမိနိပဋိပဒါ

နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် (အကျဉ်းချုပ်) – အတွဲ (၇)

# ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်း

ဖားအောက်တောရဆရာတော်



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။
အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။
မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။
ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်
အဓွန့်ရှည်စွာ တည်ပါစေသတည်း။
သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်း

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အသမ္မောဟသမ္ပဇဉ်ဉာဏ်ကို ရရှိရန် | ၁ |
| ပဋ္ဌာန်း (၂)ချက်စု - သဟဇာတကြီး (၄) | ၂ |
| သဟဇာတလတ် (၄) | ၃ |
| သဟဇာတငယ် (၇) | ၄ |
| အာရမ္မဏ ၈-မျိုး (ဝါ) ၁၁-မျိုး | ၆ |
| အနန္တရမျိုး (၇) | ၇ |
| ဝတ္ထုမျိုး (၆) | ၈ |
| ပစ္ဆာဇာတမျိုး (၄) | ၈ |
| နာနာက္ခဏိက ကမ္မမျိုး (၆) | ၉ |
| ရူပအာဟာရမျိုး (၃) | ၉ |
| ရူပဇီဝိတိန္ဒြိယမျိုး (၃) | ၉ |
| ပကတူပနိဿယ (၁) | ၁၀ |
| ဆိုလိုရင်းသဘော အကျဉ်းချုပ် | ၁၀ |
| ကြိုတင် သိမှတ်ထားရန် | ၁၂ |
| ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်ပေါ်လာပုံ | ၁၃ |
| ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး ဖြစ်ပေါ်လာပုံ | ၁၈ |
| ဘဝင်ခန္ဓာ (၅)ပါးမှ ဘဝင်ရူပက္ခန္ဓာ | ၂၀ |
| ဘဝင်စိတ်၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ | ၂၂ |
| ဘဝင်စိတ်၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ | ၂၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ယထာရုပ = ထိုက်သည့်အားလျော်စွာ | ၂၄ |
| ကာမတိဟိတ် ဘဝင် နာမက္ခန္ဓာ (၄)ပါး ဖြစ်ပေါ်တည်နေရပုံ | ၂၅ |
| စုတိ ခန္ဓာ (၅)ပါး - (ကာမတိဟိတ် စုတိ) | ၂၈ |
| ကာမတိဟိတ် စုတိ နာမက္ခန္ဓာ (၄)ပါး ဖြစ်ပေါ်လာပုံ | ၂၉ |
| ပဉ္စဒွါရဝီထိအခိုက် ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ | ၃၁ |
| ပဉ္စဒွါရာဝဇ္ဇန်း ခန္ဓာ (၅)ပါး | ၃၂ |
| ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေပုံ | ၃၂ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ | ၃၄ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ | ၃၅ |
| အကျဉ်းချုပ်မှတ်သားရန် ကာမစိတ် (၅၄) မျိုး - ပဉ္စဒွါရ ပစ္စည်း ခွဲပြချက် | ၃၆ |
| ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ | ၃၇ |
| စက္ခုဝိညာဏ် ခန္ဓာ (၅)ပါး - ပဝတ္တိကမ္မဇရုပ် | ၃၈ |
| ဥတုဇရုပ် - အာဟာရဇရုပ် | ၃၉ |
| စက္ခုဝိညာဏ် နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | ၃၉ |
| သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅)ပါး - သမ္ပဋိစ္ဆိုင်း ရူပက္ခန္ဓာ | ၄၁ |
| သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာ | ၄၃ |
| သန္တီရဏ ခန္ဓာ (၅)ပါး - သန္တီရဏ - စိတ္တဇရုပ် | ၄၄ |
| သန္တီရဏ နာမက္ခန္ဓာ | ၄၆ |
| ဝုဋ္ဌော ခန္ဓာ (၅)ပါး - ဝုဋ္ဌော နာမက္ခန္ဓာ - စိတ္တဇရုပ် (ရူပက္ခန္ဓာ) | ၄၇ |
| ဝုဋ္ဌော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | ၄၈ |
| မဟာကုသိုလ် ပဌမဇော ခန္ဓာ (၅)ပါး (ပဉ္စဒွါရဝီထိ) | |
| မဟာကုသိုလ် ပဌမဇော ရူပက္ခန္ဓာ | ၅၀ |
| မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ပဋ္စဒွါရဝီထိ) | ၅၂ |
| မဟာကုသိုလ် ဒုတိယဇော နာမက္ခန္ဓာ (ပဋ္စဒွါရဝီထိ) | ၅၄ |
| အကုသိုလ်ဇော ခန္ဓာ (၅)ပါး | ၅၇ |
| အကုသိုလ်ဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ (ပဋ္စဒွါရဝီထိ) | ၅၇ |
| တဒါရုံ ခန္ဓာ (၅)ပါး | ၅၉ |
| သဟိတ်ပထမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေရပုံ | ၆၀ |
| သဟိတ် မဟာဝိပါက်တဒါရုံ နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | ၆၁ |
| အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေပုံ | ၆၄ |
| ကာမဇော မနောဒွါရိကစိတ် ဖြစ်ပေါ်တည်နေရပုံ | ၆၆ |
| မနောဒွါရာဝဇ္ဇန်း ခန္ဓာ (၅)ပါး - မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ | ၆၇ |
| ၂။ အာရမ္မဏမျိုး | ၆၇ |
| ၃။ အနန္တရမျိုး | ၆၈ |
| ၄။ ဝတ္ထုမျိုး | ၆၈ |
| မဟာကုသိုလ် ဉာဏသမ္ပယုတ် မနောဒွါရိက ပထမဇော | |
| နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | ၆၉ |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော နာမက္ခန္ဓာ | ၇၂ |
| အာရမ္မဏမျိုး | ၇၃ |
| သဟိတ် မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ | ၇၅ |
| အဟိတ်တဒါရုံ (၃)ခု နာမက္ခန္ဓာ | ၇၆ |
| မရဏာသန္နအခါ ဝတ္ထုမျိုး | ၇၇ |
| မနောဒွါရိက လောဘမူဇော နာမက္ခန္ဓာ | ၇၈ |
| မနောဒွါရိက ဒေါသဇော - မောဟဇော နာမက္ခန္ဓာ | |
| ဖြစ်ပေါ်တည်နေရပုံ | ၈၂ |
| ပဋ္စဒွါရိက ဟသိတုပ္ပါဒ်ဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ | ၈၂ |
| မနောဒွါရိက ဟသိတုပ္ပါဒ်ဇော နာမက္ခန္ဓာ | ၈၅ |
| မဟာကြိယာဇော နာမက္ခန္ဓာ | ၈၇ |

| **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|
| အပ္ပနာဇော - မနောဒွါရဝီထိ - ကာမဇောနှင့် အပ္ပနာဇော | ၉၁ |
| မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ | ၉၂ |
| အာဒိကမ္မိက မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ | ၉၂ |
| သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ | ၉၃ |
| မဟဂ္ဂုတ် ကုသိုလ်ဇော နာမက္ခန္ဓာ | ၉၃ |
| မဟဂ္ဂုတ် ကြိယာဇော နာမက္ခန္ဓာ | ၉၉ |
| အရိယမဂ်ဇော နာမက္ခန္ဓာ | ၁၀၄ |
| ဖလသမာပတ္တိဝီထိ - မဂ္ဂါနန္တရဖိုလ်ဇော (၂၀) ဖြစ်ပေါ်လာပုံ | ၁၀၈ |
| ဖလသမာပတ္တိဖိုလ်ဇော (၂၀) ဖြစ်ပေါ်လာပုံ | ၁၁၁ |
| အထူးမှတ်သားရန် | ၁၁၂ |
| သံသရာခရီးတစ်လျှောက် | ၁၂၁ |
| အဟိတ် ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ | ၁၂၂ |
| အဟိတ် ဘဝင် ဖြစ်ပေါ်လာပုံ | ၁၂၆ |
| အဟိတ် စုတိ ဖြစ်ပေါ်လာပုံ | ၁၂၉ |
| ကာမဒွိဟိတ် ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ | ၁၃၁ |
| ဒွိဟိတ် ဘဝင် နာမက္ခန္ဓာ ဖြစ်ပေါ်လာပုံ | ၁၃၃ |
| ဒွိဟိတ် စုတိ နာမက္ခန္ဓာ ဖြစ်ပေါ်လာပုံ | ၁၃၆ |
| ရူပ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်ပေါ်လာပုံ | ၁၃၈ |
| ရူပ ဘဝင် ဖြစ်ပေါ်လာပုံ | ၁၄၂ |
| ရူပ စုတိ ဖြစ်ပေါ်လာပုံ | ၁၄၆ |
| အရူပ ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ | ၁၄၈ |
| အရူပ ဘဝင် ဖြစ်ပေါ်လာပုံ | ၁၅၁ |
| အရူပ စုတိ ဖြစ်ပေါ်လာပုံ | ၁၅၃ |
| အသညသတ်ကမ္မဇရုပ် | ၁၅၆ |

# ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အသမ္မောဟသမ္ပဇဉ်ဉာဏ်ကို ရရှိရန်

**ဧဝမေတ္ထ ခန္ဓာယတနဓာတုပစ္စယပစ္စဝေက္ခဏဝသေနပိ အသမ္မောဟ-သမ္ပဇညံ ဝေဒိတဗ္ဗံ။** (မ၊ဋ္ဌ၊၁၊၂၆၈။)

ဤအသမ္မောဟသမ္ပဇဉ်ပိုင်းဝယ် —

၁။ ခန္ဓာ (၅)ပါးနည်း,

၂။ အာယတန (၁၂)ပါးနည်း,

၃။ ဓာတ် (၁၈)ပါးနည်း,

၄။ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ဆင်ခြင်နည်း,

ဤသို့သော နည်းလမ်းများ၏ အစွမ်းဖြင့်လည်း အသမ္မောဟသမ္ပဇဉ်ဉာဏ်ကို ရရှိအောင် ကြိုးစားအားထုတ်ရန် အဋ္ဌကထာကြီးများက ညွှန်ကြားထားတော်မူကြ၏။ ဤညွှန်ကြားချက်များနှင့်အညီ အသမ္မောဟသမ္ပဇဉ်ဉာဏ်ကို ရရှိရန်အတွက် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ နည်းလမ်းဖြင့်, အကြောင်းတရားတို့ကို ဆင်ခြင်ပုံ သိမ်းဆည်းပုံအပိုင်းကို ပဋ္ဌာန်းဒေသနာတော်နည်းအားဖြင့် ဉာဏ်ကွန့်မြူးလိုသူ သူတော်ကောင်းများအတွက် ရည်ရွယ်၍ **ဤပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံအပိုင်း**ကို ရေးသားတင်ပြအပ်ပါသည်။

ဤအပိုင်းကို လေ့လာလိုသော အသင်သူတော်ကောင်းသည် ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသပိုင်းပါဠိတော်ကိုလည်းကောင်း, ယင်းပါဠိတော်၏ မြန်မာပြန် အနက်ကိုလည်းကောင်း, ယင်းပါဠိတော်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကိုလည်းကောင်း ကြိုတင်၍ အလွတ်ရအောင် လေ့ကျက်ထားဖို့ လိုအပ်ပေသည်။ သို့မှသာလျှင် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ ကြောင်း-ကျိုးဆက်နွယ်မှုသဘောတရားကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပေသည်။ ထိုသို့ လေ့ကျက်ပြီးသောအခါ အောက်ပါ ပဋ္ဌာန်းနှစ်ချက်စုကို အလွတ်ရအောင် ထပ်မံ လေ့ကျက်ပါ။ ယင်းပဋ္ဌာန်းနှစ်ချက်စုကိုလည်း ဆရာစဉ်ဆက် သင်ကြား ပို့ချလာသည့် နည်းစနစ်အတိုင်း ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ - **ပဋ္ဌာန်းအရကောက် အကျဉ်းချုပ်** ကျမ်းစာ၌ လာရှိသည့်အတိုင်း ရေးသား တင်ပြအပ်ပါသည်။

❀ ❀ ❀

နမော ဗုဒ္ဓဿ။

# ပဋ္ဌာန်း (၂) ချက်စု

## သဟဇာတကြီး (၄)

**သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတတို့၌ ပစ္စည်းတရားကား** —

၁။ အချင်းချင်းအားတပ်သော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၂။ အချင်းချင်းအားတပ်သော မဟာဘုတ် (၄)ပါး၊

၃။ အချင်းချင်းအားတပ်သော ပဋိသန္ဓေ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး နှင့် ဟဒယဝတ္ထု၊

၄။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု, ဒွေပဉ္စဝိညာဏ် (၁၀), ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် (၇၅)၊ စေတသိက် (၅၂)၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၅။ ဥပါဒါရုပ်အားတပ်သော မဟာဘုတ် (၄)ပါးတည်း။

**ပစ္စယုပ္ပန်တရားကား** –

၁။ အချင်းချင်းမှ ထောက်အပ်သော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၂။ အချင်းချင်းမှ ထောက်အပ်သော မဟာဘုတ် (၄)ပါး၊

၃။ အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု၊

၄။ နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊

၅။ မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ်တည်း။

## သဟဇာတလတ် (၄)

**အညမညနှင့် ပစ္စည်းတရားကား** – သဟဇာတ (၁) (၂) (၃) ပစ္စည်းတရားတို့ပင်တည်း။

**ပစ္စယုပ္ပန်တရားကား** – သဟဇာတ (၁) (၂) (၃) ပစ္စယုပ္ပန်တရားတို့ပင်တည်း။

**ဝိပါကနှင့် ပစ္စည်းတရားကား** –

၁။ အချင်းချင်းအားတပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတ္တိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၂။ ဝိပါက်စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌

ဖြစ်သောအခါ အရူပဝိပါက် (၄)ခု, ဒွေပဉ္စဝိညာဏ် (၁၀), ရဟန္တာ-တို့၏ စုတိစိတ်ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ စေတသိက် အဌတ္တိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၃။ ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါးတည်း။

**ပစ္ဆယုပ္ပန်တရားကား** —

၁။ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌတ္တိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၂။ ဝိပါက် နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊

၃။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယ ဝတ္ထုတည်း။

**သမ္ပယုတ္တနည် ပစ္စည်းတရားကား** — သဟဇာတ (၁) ပစ္စည်းတရားတို့ ပင်တည်း။

**ပစ္စယုပ္ပန်တရားကား** — သဟဇာတ (၁) ပစ္စယုပ္ပန် တရားတို့ပင် တည်း။

**ဝိပ္ပယုတ္တနည် ပစ္စည်းတရားကား** — သဟဇာတ (၃) (၄) ပစ္စည်း တရားတို့တည်း။

**ပစ္စယုပ္ပန်တရားကား** — သဟဇာတ (၃) (၄) ပစ္စယုပ္ပန်တရားတို့ ပင်တည်း။

## သဟဇာတငယ် (၇)

**ဟေတုနည် ပစ္စည်းတရားကား** — လောဘ၊ ဒေါသ၊ မောဟ၊ အလော-ဘ၊ အဒေါသ၊ အမောဟတည်း။

**ပစ္စယုပ္ပန်တရားကား** — သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူ ဒွေ၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**အဓိပတိ၌ ပစ္စည်းတရားကား** — အဓိပတိကိစ္စ တပ်ခိုက် ဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးတည်း။

**ပစ္စယုပ္ပန်တရားကား** — အဓိပတိပစ္စည်းကို ရခိုက်ရနေ မောဟမူ ဒွေ၊ ဟသိတုပ္ပါဒ်ဇောကြဉ်သော သာဓိပတိဇော (၅၂)ခု၊ အဓိပတိတရားကိုယ်, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကပညာသ၊ သာဓိပတိစိတ္တဇရုပ်တည်း။

**ကမ္မ၌ ပစ္စည်းတရားကား** — စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတနာကြဉ်သော စေတသိက် ဧကပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

**အာဟာရ၌ ပစ္စည်းတရားကား** — ဖဿ, စေတနာ, ဝိညာဏ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

**ဣန္ဒြိယ၌ ပစ္စည်းတရားကား** — ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာတည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

**ဈာန၌ ပစ္စည်းတရားကား** — ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာတည်း။

**ပစ္စယုပ္ပန်တရားကား** — ဒွေပဉ္စဝိညာဏ် (၁၀) ကြဉ်သော စိတ် (၇၉)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

**မဂ္ဂင်၌ ပစ္စည်းတရားကား** — ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိတည်း။

**ပစ္စယုပ္ပန်တရားကား** — သဟိတ်စိတ် ဧကသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

## အာရမ္မဏ ၈-မျိုး (ဝါ) ၁၁-မျိုး

**အာရမ္မဏ၌ ပစ္စည်းတရားကား** — အာရုံ (၆)ပါးတည်း။ (ဝါ) ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယတို့၌ ပစ္စည်းတရားကား** — အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေ, မောဟမူ ဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တည်း။

**ပစ္စယုပ္ပန်တရားကား** — အလေးအမြတ် ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်စိတ် (၈)ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ခု၊ လောကုတ္တရာစိတ် (၈)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ကြဉ်သော စေတသိက် ပဉ္စစတ္တာလီသတည်း။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတတို့၌ ပစ္စည်းတရားကား** — မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော

ဟာဒယဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်းကို ရသောအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် (၃၀)၊ တဒါရုံ ဧကာဒသ၊ အဘိညာဏ် ဒွေ၊ ကင်္ခါ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသတည်း။

**အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေ–ဇာတအဝိဂတတို့၌ ပစ္စည်းတရားကား** — ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ အာရမ္မဏပုရေဇာတ ပစ္စည်းကို ရခိုက်ရနေ ကာမစိတ် စတုပညာသ၊ အဘိညာဏ် ဒွေ၊ အပ္ပမညာ ကြဉ်သော စေတသိက် ပညာသတည်း။

## အနန္တရမျိုး (၇)

**အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတတို့၌ ပစ္စည်းတရားကား** — ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**ပစ္စယုပ္ပန်တရားကား** — ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက် နောက်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**အာသေဝနၥ၌ ပစ္စည်းတရားကား** — အဆုံးဇောကြဉ်သော ရှေးရှေး သော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသတည်း။

**ပစ္စယုပ္ပန်တရားကား** - ပထမဇော, ဖိုလ်ဇော ကြဉ်သော နောက် နောက်၌ ဖြစ်သော ဇော ဧကပညာသ၊ စေတသိက် ဒွေပညာသတည်း။

**အနန္တရမျိုး – ကမ္မ၌ ပစ္စည်းတရားကား** — မဂ် (၄)ခု၌ ရှိသော စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** - မဂ္ဂါနန္တရဖိုလ် (၄)ခု၊ စေတသိက် ဆတ္တိံသ တည်း။

## ဝတ္ထုမျိုး (၆)

**ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတတို့၌ ပစ္စည်းတရားကား** — ပဝတ္တိအခါ ဆဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် (၄)ခု ကြဉ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပဉ္ညာသတည်း။

**ဝတ္ထုပုရေဇာတိန္ဒြိယ၌ ပစ္စည်းတရားကား** — ရှေးဦးအစ အတိတ ဘဝင်နှင့် အတူဉပါဒ်သော မဇ္ဈိမာယုက စက္ခုဝတ္ထု ။ ပ ။ ရှေးဦးအစ အတိတဘဝင်နှင့် အတူဉပါဒ်သော မဇ္ဈိမာယုက ကာယဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ဒွေပဉ္စဝိညာဏ် (၁၀)၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ခုတည်း။

## ပစ္ဆာဇာတမျိုး (၄)

**ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ-တို့၌ ပစ္စည်းတရားကား** — ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် (၄)ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ဖြစ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပဉ္ညာသတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဉပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယတည်း။

## နာနာက္ခဏိက ကမ္မမျိုး (၆)

**နာနာက္ခဏိကကမ္မ၌ ပစ္စည်းတရားကား** — အတိတ်ဖြစ်သော ကုသိုလ်ကံ (၂၁)၊ အကုသိုလ်ကံ (၁၂) တည်း။

**ပစ္စယုပ္ပန်တရားကား** — ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌ-တ္တိံသ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်တည်း။

**နာနာက္ခဏိကကမ္မမျိုး – အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတတို့၌ ပစ္စည်းတရားကား** — မဂ် (၄)ခု၌ ရှိသော စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** — မဂ္ဂါနန္တရဖိုလ် (၄)ခု၊ စေတသိက် ဆတ္တိံသ နာမက္ခန္ဓာတည်း။

**နာနာက္ခဏိကကမ္မမျိုး – ဥပနိဿယ၌ ပစ္စည်းတရားကား** – အတိတ်ဖြစ်သော ကုသိုလ်ကံ (၂၁)၊ အကုသိုလ်ကံ (၁၂) တည်း။

**ပစ္စယုပ္ပန်တရားကား** — ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌ-တ္တိံသ နာမက္ခန္ဓာတည်း။

## ရူပအာဟာရမျိုး (၃)

**ရူပအာဟာရ၊ ရူပအာဟာရတ္ထိ၊ ရူပအာဟာရအဝိဂတတို့၌ ပစ္စည်း-တရားကား** — စတုသမုဋ္ဌာနိက ဩဇာတည်း။

**ပစ္စယုပ္ပန်တရားကား** — ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တည်း။

## ရူပဇီဝိတိန္ဒြိယမျိုး (၃)

**ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတတို့၌ ပစ္စည်းတရားကား** — ရုပ်ဇီဝိတိန္ဒြေတည်း။

**ပစ္စယုပ္ပန်တရားကား** — ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇ ရုပ် (၉)ခု (၈)ခုတည်း။

## ပကတူပနိဿယ (၁)

**ပကတူပနိဿယ၌ ပစ္စည်းတရားကား** — ဗလဝဖြစ်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

ပဋ္ဌာန်း (၂) ချက်စု ပြီး၏။

❀ ❀ ❀

## ဆိုလိုရင်းသဘော အကျဉ်းချုပ်

သဟဇာတကြီး, သဟဇာတလတ်, သဟဇာတငယ်ဟူသော **သဟ–ဇာတမျိုး၌** အကြောင်းတရားနှင့် အကျိုးတရားတို့ကား ပြိုင်တူဖြစ်ကြသော တရားတို့ပင် ဖြစ်ကြ၏။ ပြိုင်တူဖြစ်ကြသော တရားစုတို့တွင် တစ်ခုသည် တစ်ခုအား “ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ”ဟူ၍သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြသော တရားတို့ ဖြစ်ကြ၏။

**အာရမ္မဏမျိုး၌** အကြောင်းပစ္စည်းတရားတို့ကား ကာလသုံးပါး၌ ဖြစ်ကြသော စိတ် စေတသိက် ရုပ် ပရမတ်တရားများနှင့် ကာလဝိမုတ်ဖြစ်–သော နိဗ္ဗာန် ပညတ် တရားတို့ ဖြစ်ကြ၏။ သိစရာအာရုံအဖြစ် ရပ်တည်၍ ကျေးဇူးပြုပေးကြသော အာရမ္မဏ အကြောင်းပစ္စည်းတရားတို့တည်း။ ယင်း အာရုံတို့ကို သိတတ်သော စိတ်စေတသိက် နာမ်တရားစုတို့သည် ပစ္စုပ္ပန် ပစ္စယုပ္ပန် အကျိုးတရားတို့တည်း။ အာရုံနှင့် အာရမ္မဏိကတည်း။ သိစရာ အာရုံနှင့် သိတတ်သော အာရမ္မဏိက နာမ်တရားစုတည်း။

**အနန္တရမျိုး၌** အကြောင်းပစ္စည်းတရားကား ရှေးစိတ္တက္ခဏ နာမ်တရားစုတည်း။ အကျိုးပစ္စယုပ္ပန်တရားကား နောက်စိတ္တက္ခဏ နာမ်တရားစုတည်း။ အကြောင်း စိတ္တက္ခဏနှင့် အကျိုးစိတ္တက္ခဏတို့၏ အကြား၌ တစ်စုံတစ်ခုသော ခြားဆီးထားသောတရား မရှိပေ။

**ဝတ္ထုမျိုး၌** အကြောင်းပစ္စည်းတရားတို့ကား ဌီကာလသို့ ရောက်ရှိ-နေသော ဝတ္ထုရုပ် (၆)မျိုးတို့တည်း။ အကျိုးပစ္စယုပ္ပန်တရားတို့ကား ဆိုင်ရာနာမ်တရားစုတို့တည်း။ အကြောင်းအကျိုး နှစ်ရပ်လုံးကား ပစ္စုပ္ပန်ချည်းသာတည်း။

**ပစ္ဆာဇာတမျိုး၌** အကြောင်းတရားတို့ကား နောက်နောက်သော စိတ္တက္ခဏ နာမ်တရားစုတည်း။ အကျိုးတရားကား ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဌီကာလသို့ ရောက်ရှိလာသော ရုပ်တရားစုတည်း။

**နာနာက္ခဏိကကမ္မမျိုး၌** အကြောင်းတရားနှင့် အကျိုးတရားတို့ကား ဖြစ်ပေါ်ကြသည့် ခဏချင်း မတူညီကြပေ။ အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့သည် –

၁။ စိတ္တက္ခဏ တစ်ခုသော်လည်းကောင်း = ရှေးစိတ္တက္ခဏနှင့် နောက်-စိတ္တက္ခဏသော်လည်းကောင်း (= မဂ်နှင့် ဖိုလ်),

၂။ စိတ္တက္ခဏ များစွာသော်လည်းကောင်း,

၃။ ဘဝသော်လည်းကောင်း,

၄။ ဘဝပေါင်း များစွာသော်လည်းကောင်း,

၅။ ကမ္ဘာပေါင်း များစွာသော်လည်းကောင်း –

ဝေးကွာမှု ရှိနိုင်၏။

**ရူပအာဟာရမျိုး၌** အကြောင်းတရားနှင့် အကျိုးတရား နှစ်မျိုးလုံးသည် ရုပ်တရားစုသာတည်း။ ဩဇာက အာဟာရဇရုပ်တို့အား ကျေးဇူးပြုပုံ

အပိုင်းတည်း။ ဋီကာလသို့ ရောက်ရှိလာသော ဩဇာက ဩဇဋ္ဌမကရုပ်တို့ကို ဖြစ်စေပုံအပိုင်းတည်း။

**ရူပဇီဝိတိန္ဒြိယမျိုး၌** ကလာပ်တူ ဇီဝိတက ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြု၏၊ အနုပါလကသတ္တိတည်း။ အကြောင်းအကျိုး နှစ်ရပ်လုံး ရုပ်တရားစုချည်းသာတည်း။ အကြောင်းအကျိုး နှစ်ရပ်လုံး ပြိုင်တူဖြစ်၏။

**ပကတူပနိဿယကား** — ပင်ကိုယ်ပကတိသဘောအားဖြင့် အားကြီးသောမှီရာ အကြောင်းပစ္စည်းတရားတည်း။ အကြောင်းတရားပိုင်း၌ စိတ် စေတသိက် ရုပ်တရားများနှင့် ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်တရားများ ပါဝင်ကြ၏။ အကျိုးတရားပိုင်း၌ စိတ် စေတသိက် တရားတို့သာ ပါဝင်ကြ၏။ အကြောင်းပရမတ်တရားနှင့် အကျိုးပရမတ်တရားတို့ကား စိတ္တက္ခဏချင်း နီးကပ်မှုလည်း ရှိနိုင်၏။ ဝေးကွာမှုလည်း ရှိနိုင်၏။

❀ ❀ ❀

## ကြိုတင် သိမှတ်ထားရန်

ဤအပိုင်းတွင် တိဟိတ် လူသားတစ်ဦး၏ ပဋိသန္ဓေ ခန္ဓာငါးပါး စသည်ကိုသာ ဦးစားပေး၍ ရှေးဦးစွာ ရေးသားတင်ပြအပ်ပါသည်။ ပစ္စုပ္ပန် ပဋိသန္ဓေကိုသာ ရှေးဦးစွာ ဖော်ပြလိုသောကြောင့် ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ကြောင်းကျိုးဆက်သွယ်ပုံကို ပြန်လည်၍ အာရုံယူထားပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြထားသည့်အတိုင်း စိတ္တက္ခဏ တိုင်း၌ ခန္ဓာငါးပါးဖွဲ့၍ ခန္ဓာငါးပါးနည်းဖြင့် ကြောင်းကျိုးဆက်သွယ်ပုံကို တင်ပြမည် ဖြစ်ပေသည်။ သို့သော် နာမ်ခန္ဓာတို့၌ကား စုပေါင်း၍ ရေးသား တင်ပြမည် ဖြစ်ပေသည်။

ရုပ် ပစ္စယုပ္ပန်တရားသည် —

၁။ စိတ္တဇရုပ်,

၂။ ပဋိသန္ဓေ ကမ္မဇရုပ်,
၃။ ဗာဟိရရုပ်,
၄။ အာဟာရဇရုပ်,
၅။ ဥတုဇရုပ်,
၆။ အသညသတ် ကမ္မဇရုပ်,
၇။ ပဝတ္တိကမ္မဇရုပ် —

ဟူ၍ ဤသို့လျှင် (၇)မျိုး ရှိ၏။ ထိုတွင်လည်း စိတ္တဇရုပ်သည် —

၁။ ကုသိုလ် စိတ္တဇရုပ်,
၂။ အကုသိုလ် စိတ္တဇရုပ်,
၃။ ဝိပါက် စိတ္တဇရုပ်,
၄။ ကြိယာ စိတ္တဇရုပ် ဟူ၍ (၄)မျိုး ရှိပေသည်။

ယင်းရုပ်တရားတို့သည် ဆိုင်ရာ စိတ္တက္ခဏတို့၌ ထင်ရှားပေလတ္တံ့။ ပဋိသန္ဓေ ကမ္မဇရုပ်သည်လည်း အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်, ဒွိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်, တိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ဟူ၍ (၃)မျိုး ရှိပြန်ရာ ရှေးဦးစွာ ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်ပေါ်လာပုံကို ရေးသား တင်ပြပေအံ့။

## ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်ပေါ်လာပုံ

ဟဒယဝတ္ထုမှ တစ်ပါးသော ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၂ ၊ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၃။ ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၄။ ရူပဇီဝိတိန္ဒြိယမျိုး | — | ၃ ၊ |

၅။ နာနာက္ခဏိကကမ္မ — ၁ ၊

ဤ(၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဟဒယဝတ္ထုမှ တစ်ပါးသော ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ (၆)။

(ခ) အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်အံ့ - ဈာနင် (၅)ပါး, ဥပေက္ခာသဟဂုတ် တိဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်အံ့ - ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၆)**။

**( ၆ + ၆ = ၁၂ )**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ်လေးပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ ပစ္ဆာဇာတဖြစ်သော ပထမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့က

**ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့က **ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ၊ (၃)**။

၅။ တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ (၄)ခု ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မသတ္တိ၊ (၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

[ **မှတ်ချက်** — (၁) သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဋိသန္ဓေ, (၂) သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ပဋိသန္ဓေ, (၃) ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဋိသန္ဓေ, (၄) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ပဋိသန္ဓေဟု ကာမတိဟိတ် ပဋိသန္ဓေ (၄)မျိုး ရှိရာ အသင်သူတော်ကောင်းသည် ဤဘဝတွင် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်တွင် ဖြစ်ခဲ့သည့် ပဋိသန္ဓေကိုသာ ရွေးချယ်၍ ရှုပါ။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ပဋိသန္ဓေဖြစ်လျှင် နာမ်တရား (၃၄), ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၃) - အသီးအသီး ဖြစ်ပေသည်။ အလားတူပင် နာနာက္ခဏိကကမ္မ ပိုင်းတွင်လည်း ကာမတိဟိတ် ကုသိုလ်ကံ (၄)မျိုးတို့တွင် မိမိ၏ ပဋိသန္ဓေကို ဖြစ်စေသော ကံတစ်ခုကိုသာ ရွေးချယ်စိစစ်၍ ရှုပါ။

ဤအထက်တွင် တင်ပြထားသော အကြောင်းပစ္စည်းတရားတို့တွင် ပစ္ဆာဇာတအကြောင်းပစ္စည်းနှင့် နာနာက္ခဏိကကမ္မအကြောင်းပစ္စည်းမှ လွဲ၍ ကြွင်းကျန်သော အကြောင်းပစ္စည်းတရားတို့ကား အကျိုးပစ္စယုပ္ပန်တရားတို့နှင့် ပြိုင်တူဖြစ်ကြ၏။ ထို့ကြောင့် နာမ်သဟဇာတမျိုး ရုပ်သဟဇာတမျိုးတို့၌လည်း အကျုံးဝင်၏။ ဇီဝိတနှင့် ယင်းပဋိသန္ဓေကမ္မဇရုပ်တို့မှာလည်း ပြိုင်တူဖြစ်ကြသော ရုပ်တရား အချင်းချင်းပင် ဖြစ်ကြ၍ ရူပဇီဝိတိန္ဒြိယမျိုး-

သို့လည်း သက်ဝင်၏။ ကလာပ်တူ ဇီဝိတက ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြုပုံအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ရှုပါ။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းအတိုင်း ကြောင်းကျိုးဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ရှုပြီးသူအတွက် အလွန်ကြီး မခက်ခဲတော့ပြီ။]

ကာမတိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား-တို့သည် —

| | | | |
|---|---|---|---|
| ၁။ | နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ | ရုပ်သဟဇာတမျိုး | — | ၄ ၊ |
| ၃။ | ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၄။ | ရုပဇီဝိတိန္ဒြိယမျိုး | — | ၃ ၊ |
| ၅။ | နာနာက္ခဏိကကမ္မ | — | ၁ ၊ |

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ကျေး-ဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမတိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား-တို့သည် —

၁။ (က) ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား တို့က **သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရား တို့က **ဟေတုသတ္တိ၊**

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယ-ဝတ္ထုဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် တိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ဝိရတီကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၆)**။

**(၇ + ၆ = ၁၃)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က **သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ ပစ္ဆာဇာတဖြစ်သော (ပဋိသန္ဓေနောင်) ပထမဘဝင် နာမက္ခန္ဓာ ပစ္စည်း တရားတို့က **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့က **ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိ-န္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ**၊ **(၃)**။

၅။ တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ (၄)ခု ပစ္စည်းတရားတို့က **နာနာက္ခ-ဏိကကမ္မသတ္တိ**၊ **(၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်လာပုံ

ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၃ ၊
၂။ ရုပ်သဟဇာတမျိုး — ၆ ၊
၃။ အာရမ္မဏမျိုး — ၁ ၊
၄။ အနန္တရမျိုး — ၅ ၊
၅။ နာနာက္ခဏိကကမ္မမျိုး — ၂ ၊

ဤ(၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမတိဟိတ်ပဋိသန္ဓေ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ်ပဋိသန္ဓေ ဖြစ်အံ့ - ဈာနင် (၅) ပါး၊ ဥပေက္ခာသဟဂုတ် တိဟိတ်ပဋိသန္ဓေ ဖြစ်အံ့ ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်း တရားတို့က **မဂ္ဂသတ္တိ**၊ **(၆)**။ **(၇ + ၆ = ၁၃)**။

၂။ မိမိဟု ဆိုအပ်သော ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့က **သဟဇာတ အည- မည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၃။ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော ပစ္စည်း တရားက **အာရမ္မဏသတ္တိ**၊ **(၁)**။

၄။ လွန်လေပြီးသော အတိတ်ဘဝဝယ် ချုပ်လေပြီးသော စုတိစိတ် (၁၉) မျိုးတို့တွင် တစ်မျိုးမျိုးသော စုတိနာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ်ဥက္ကဋ္ဌ ကာမကုသိုလ်ကံ (၄)ခု ပစ္စည်းတရား တို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ**၊ **(၂)**။

ဤ (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်- သည့် အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — ဤ၌လည်း ကာမတိဟိတ် ပဋိသန္ဓေ (၄)မျိုးတို့တွင် သတ္တဝါ တစ်ဦးအတွက် တစ်ခုသော ဘဝဝယ် ပဋိသန္ဓေ တစ်မျိုးသာ ဖြစ်၏။ အလားတူပင် ကာမတိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံ (၄)မျိုးတို့တွင် ပဋိသန္ဓေ အကျိုးကို ဖြစ်စေသော ကုသိုလ်ကံမှာ ဘဝတစ်ခုအတွက် တစ်မျိုးသာ ဖြစ်သည်။ သို့သော် ပဝတ္တိအကျိုးနှင့် ပဝတ္တိအကျိုးကို ဖြစ်စေ- သော ကံတို့မှာ အမျိုးမျိုး ဖြစ်နိုင်ပေသည်။]

## ဘဝင်ခန္ဓာ (၅) ပါးမှ ဘဝင်ရူပက္ခန္ဓာ

ယေဘုယျအားဖြင့် ဘဝင်စိတ္တက္ခဏတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား —

(က) စိတ္တဇရုပ်,
(ခ) ပဝတ္တိကမ္မဇရုပ်,
(ဂ) ဥတုဇရုပ်,
(ဃ) အာဟာရဇရုပ် - ဤ (၄)မျိုးတို့တည်း။

ယင်းဘဝင်စိတ်တို့၏ ဌီခဏ ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား —

(က) ပဝတ္တိကမ္မဇရုပ်,
(ခ) ဥတုဇရုပ်,
(ဂ) အာဟာရဇရုပ် - ဤ (၃)မျိုးတို့တည်း။

[**မှတ်ချက်** — ပဋိသန္ဓေနောင် ပထမဘဝင် အစရှိသော အချို့သော ဘဝင်စိတ္တက္ခဏတို့၌ကား အာဟာရဇရုပ်များ မဖြစ်ပေါ်နိုင်ကြသေးပေ။ အမိစားမျိုလိုက်သော အစာအာဟာရသည် ကိုယ်ဝန်သားငယ်၏ ခန္ဓာအိမ်တွင်းသို့ ပျံ့နှံ့ရာ အချိန်ကာလမှစ၍ အာဟာရဇရုပ်များ ဖြစ်ခွင့်ရှိကြပေသည်။]

## ဘဝင် ရူပက္ခန္ဓာ

ဘဝင် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၂၊
၂။ ရုပ်သဟဇာတမျိုး — ၅၊
၃။ ပစ္ဆာဇာတမျိုး — ၄၊
၄။ ရူပအာဟာရမျိုး — ၃၊

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့် အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဘဝင်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ကာမတိဟိတ်ဘဝင် (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတ-သိက် (၃၃) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) ယင်းကာမတိဟိတ် ဘဝင်နာမက္ခန္ဓာ၌တည်ရှိသော အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတု သတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ်ဘဝင်ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် တိဟိတ်ဘဝင်ဖြစ်အံ့ - ဈာနင် (၄)ပါး ပစ္စည်း တရားတို့က **ဈာနသတ္တိ**၊

(ဆ) ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၆)**။

**(၆ + ၆ = ၁၂)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၃။ ပစ္ဆာဇာတဖြစ်သော ထိုက်သင့်ရာ ဝိပါက် ကြိယာ နာမက္ခန္ဓာ ပစ္စည်း-တရားတို့က **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၄။ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတု-
သမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ(၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-
သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ဘဝင်စိတ်၏ ဥပါဒ်–ဌီ–ဘင်–ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ

ယင်းပဝတ္တိကမ္မဇရုပ်တရားတို့သည် —

| | | |
|---|---|---|
| ၁။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၂။ ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၃။ ရူပအာဟာရမျိုး | — | ၃ ၊ |
| ၄။ ရူပဇီဝိတိန္ဒြိယမျိုး | — | ၃ ၊ |
| ၅။ နာနာက္ခဏိကကမ္မ | — | ၁ ၊ |

ဤ(၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-
သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က
ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ ပစ္ဆာဇာတဖြစ်သော ဝိပါက် ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရားတို့က
**ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားတို့က **ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ၊ (၃)**။

၅။ အတိတ်ဖြစ်သော ကာမကုသိုလ်ကံ (၈), အကုသိုလ်ကံ (၁၂) - ဤ (၂၀)သော အကြောင်းပစ္စည်းတရားတို့တွင် တစ်မျိုးမျိုးသော ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မသတ္တိ၊ (၁)**။

ဤ(၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဘဝင်စိတ်၏ ဥပါဒ်–ဌီ–ဘင်–ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ

ယင်းဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၂။ | ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၃။ | ရူပအာဟာရမျိုး | — | ၃ ၊ |

ဤ(၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ ပစ္ဆာဇာတဖြစ်သော ဝိပါက် ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရားတို့က **ပစ္ဆာဇာတ ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတတ္ထိ ပစ္ဆာဇာတအဝိဂတသတ္တိ၊ (၄)**။

၃။ ကလာပ်တူသြဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ(၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

[**မှတ်ချက်** — ဘဝင်၏နောင်၌ ဘဝင် သို့မဟုတ် စုတိကဲ့သို့သော ဝိပါက်နာမ်တရားစုလည်း ဖြစ်နိုင်၏။ ပဉ္စဒွါရာဝဇ္ဇန်း သို့မဟုတ် မနောဒွါရာဝဇ္ဇန်းကဲ့သို့သော ကြိယာနာမ်တရားစုလည်း ဖြစ်နိုင်၏။ သို့အတွက် ပစ္ဆာဇာတပစ္စည်းပိုင်းတွင် ဝိပါက် ကြိယာ နာမ်တရားများကို ပစ္ဆာဇာတ ပစ္စည်းတရား အဖြစ်ဖြင့် ဖော်ပြထားပါသည်။ တစ်ဖန် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို စုပေါင်းရေးသားထားသော်လည်း ရှုသည့်အခါ ခွဲရှုပါ။ ပစ္စည်းအမျိုးအစားနှင့် အရေအတွက် တူညီ၍ စုပေါင်းရေးသားတင်ပြထားခြင်း ဖြစ်ပေသည်။]

## ယထာရဟ = ထိုက်သည့်အားလျော်စွာ

ရုပ်သဟဇာတမျိုးကို ဆိုရာ၌ ယထာရဟ = ထိုက်သည့်အားလျော်စွာ၏ အဓိပ္ပါယ်ကား —

၁။ (၃)ပါး (၃)ပါးကုန်သော မဟာဘုတ် ပစ္စယုပ္ပန်တရားတို့သည် (၁)ပါး (၁)ပါးသော မဟာဘုတ် ပစ္စည်းတရားက —

၂။ (၁)ပါး (၁)ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားသည် (၃)ပါး (၃)ပါး ကုန်သော မဟာဘုတ် ပစ္စည်းတရားတို့က —

၃။ (၂)ပါး (၂)ပါးကုန်သော မဟာဘုတ် ပစ္စယုပ္ပန်တရားတို့သည် (၂)ပါး (၂)ပါးကုန်သော မဟာဘုတ် ပစ္စည်းတရားတို့က — **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊

၄။ ကလာပ်တူ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ အစိတ် အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က **သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိ**၊

ဤကဲ့သို့သော သတ္တိတို့ဖြင့် ကျေးဇူးပြုမှုကို ဆိုလိုသည်။ နာမ်ခန္ဓာ (၄)ပါးတို့၌လည်း နည်းမှီ၍ သဘောပေါက်ပါ။

၁။ (၃)ပါး (၃)ပါးကုန်သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် (၁)ပါး (၁)ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားက —

၂။ (၁)ပါး (၁)ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားသည် (၃)ပါး (၃)ပါး ကုန်သော နာမက္ခန္ဓာ ပစ္စည်းတရားတို့က —

၃။ (၂)ပါး (၂)ပါးကုန်သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် (၂)ပါး (၂)ပါးကုန်သော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ** စသော ပစ္စယသတ္တိတို့ဖြင့် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုမှုကို ဆိုလိုပေသည်။

## ကာမတိဟိတ် ဘဝင် နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်တည်နေရပုံ

ကာမတိဟိတ် ဘဝင် (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၃ ၊
၂။ အာရမ္မဏမျိုး — ၁ ၊

| | | |
|---|---|---|
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | — | ၂ ၊ |

ဤ(၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမတိဟိတ် ဘဝင် (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် ဘဝင် (၄)ခု၊ စေတသိက် (၃၃)-အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် ဘဝင် (၄)ခု နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ိန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ်ဘဝင် ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် တိဟိတ်ဘဝင် ဖြစ်အံ့ - ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၆)**။ **(၇ + ၆ = ၁၃)**။

၂။ အတိတ်ဘဝမရဏာသန္နဇော၏ အာရုံဖြစ်သော ကံ-ကမ္မနိမိတ်-

ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မိမိ၏ ရှေးဖြစ်သော ကာမတိဟိတ် ဘဝင်နာမက္ခန္ဓာ၊

(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဝုဋ္ဌော နာမက္ခန္ဓာ၊

(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇော နာမက္ခန္ဓာ၊

(င) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယ တဒါရုံ နာမက္ခန္ဓာ၊

ဤနာမက္ခန္ဓာတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ဖြစ်သောအခါ ကာမတိဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ မိမိ၏ရှေး၌ ချုပ်လေပြီးသော ကာမတိဟိတ် ဘဝင်နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယ-ဝတ္ထု၊

(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌောနာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇောနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(င) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယတဒါရုံ နာမက္ခန္ဓာ နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(စ) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

ဤဟဒယဝတ္ထုတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ (၄)မျိုးတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာ-က္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ(၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — နာမ်သဟဇာတမျိုး၌ ထိုက်သည့် အားလျော်စွာ ဟူသည် - နာမ်ခန္ဓာ (၁)ပါးက နာမ်ခန္ဓာ (၃)ပါးအား၊ နာမ်ခန္ဓာ (၃)ပါးက နာမ်ခန္ဓာ (၁)ပါးအား၊ နာမ်ခန္ဓာ (၂)ပါးက နာမ်ခန္ဓာ (၂)ပါးအား အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှုကို ဆိုလိုသည်။ ဤအပိုင်း၌လည်း ကာမတိဟိတ် ဘဝင် (၄)မျိုးတို့တွင် မိမိရုပ်နာမ်သန္တာန်အစဉ်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဘဝင်တစ်မျိုးမျိုးကိုသာ အာရုံယူ၍ ရှုပါ။ ကာမတိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံတို့တွင်လည်း အကျိုးပေးနေသော ကံတစ်မျိုးမျိုးကိုသာ အာရုံယူ၍ ရှုပါ။]

❀ ❀ ❀

## စုတိ ခန္ဓာ (၅) ပါး – (ကာမတိဟိတ် စုတိ)

စုတိအခိုက်၌ကား ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့သည် မ-ဥပါဒ်နိုင်ကြတော့ပေ။ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်

မြောက်သော စိတ်နှင့် အတူဥပါဒ်သော ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ် တရားတို့သည် ဘင်ကာလသို့ ဆိုက်ရောက်လာကြ၏။ စုတိစိတ်သည် စိတ္တဇ ရုပ်ကို ဖြစ်စေနိုင် မဖြစ်စေနိုင်ဟူသော အချက်နှင့်ပတ်သက်၍ ဆရာမြတ်တို့ အချီအချ စကားများလျက် ရှိကြ၏။ သို့သော် စုတိစိတ်နှင့် နီးကပ်လျက် ရှိသော စိတ်တို့ကား စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြ၏။ ယင်းစိတ္တဇရုပ်တို့ကား စုတိစိတ် အခိုက်ဝယ် ဌီကာလသို့ ရောက်ဆဲသာ ဖြစ်ကြသေး၏။ ယင်း စိတ်တို့ကား –

၁။ ဇောနောင် စုတိကျသော် ဇောလည်း ဖြစ်နိုင်၏။
၂။ တဒါရုံနောင် စုတိကျသော် တဒါရုံလည်း ဖြစ်နိုင်၏။
၃။ ဘဝင်နောင် စုတိကျသော် ဘဝင်လည်း ဖြစ်နိုင်၏။

ထို့ကြောင့် ယင်းစိတ်တို့၌ ဆိုပြီး ဆိုဆဲ ဆိုလတ္တံ့ စိတ္တဇရုပ်အတိုင်း မှတ်သားပါ။ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း နည်းတူပင် သဘောပေါက်ပါလေ။

## ကာမတိဟိတ် စုတိ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်လာပုံ

ကာမတိဟိတ် စုတိ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် –

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၁ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | — | ၂ ၊ |

ဤ(၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့် အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမတိဟိတ် စုတိ (၄)ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် စုတိ (၄)ခု၊ စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် စုတိ (၄)ခု နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အ-မောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် ကာမတိဟိတ် စုတိ ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် ကာမတိဟိတ် စုတိ ဖြစ်အံ့ - ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၆)**။

**(၇ + ၆ = ၁၃)**။

၂။ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံ အကြောင်းပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊

(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယ တဒါရုံ နာမက္ခန္ဓာ၊

(ဂ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ မိမိ၏ ရှေးက ချုပ်လေပြီး-
သော ကာမတိဟိတ် ဘဝင် နာမက္ခန္ဓာ - ဤပစ္စည်းတရားတို့က
**အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မိမိဟုဆိုအပ်သော စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက်
မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား
တို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့က
**နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ(၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-
သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ပဉ္စဒွါရဝီထိအခိုက် ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ

ပဉ္စဒွါရဝီထိ၌ —

၁။ ပဉ္စဝိညာဏ်တို့၏ ဥပါဒ်ခဏ-ဌီခဏ-ဘင်ခဏတို့နှင့် အတူပြိုင်၍
ဖြစ်ကောင်းသော ရုပ်တို့ကား (၃)မျိုးတည်း။ ယင်းတို့မှာ —

(က) ပဝတ္တိကမ္မဇရုပ်,
(ခ) ဥတုဇရုပ်,
(ဂ) အာဟာရဇရုပ်တို့တည်း။

၂။ ပဉ္စဝိညာဏ်မှ ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊
ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်ကောင်းသော
ရုပ်တို့ကား (၄)မျိုးတည်း။ ယင်းတို့မှာ —

(က) စိတ္တဇရုပ်,
(ခ) ပဝတ္တိကမ္မဇရုပ်,
(ဂ) ဥတုဇရုပ်,
(ဃ) အာဟာရဇရုပ်တို့တည်း။

၃။ ယင်းပဉ္စဒွါရဝီထိစိတ်တို့၏ ဌီခဏ ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား (၃)မျိုးတည်း။ ယင်းတို့မှာ —

(က) ပဝတ္တိကမ္မဇရုပ်,
(ခ) ဥတုဇရုပ်,
(ဂ) အာဟာရဇရုပ်တို့တည်း။

❀ ❀ ❀

## ပဥ္စဒွါရာဝဇ္ဇန်း ခန္ဓာ (၅) ပါး

ပဥ္စဒွါရာဝဇ္ဇန်း စိတ္တက္ခဏအခိုက်၌ ခန္ဓာ (၅)ပါးရှိရာ ယင်းတို့တွင် ရူပက္ခန္ဓာကို ရှေးဦးစွာ တင်ပြအပ်ပါသည်။ ထိုရူပက္ခန္ဓာတွင်လည်း (က) စိတ္တဇရုပ်, (ခ) ပဝတ္တိကမ္မဇရုပ်, (ဂ) ဥတုဇရုပ် အာဟာရဇရုပ်ဟု (၃)အုပ်စုခွဲ၍ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို တင်ပြပေအံ့။

## ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေပုံ

ပဥ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၉ ။ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ။ |
| ၃။ ပစ္ဆာဇာတမျိုး | — | ၄ ။ |
| ၄။ ရူပအာဟာရမျိုး | — | ၃ ။ |

ဤ(၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

(ခ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊ **(၄)**။

**(၅ + ၄ = ၉)**။

၂။ ကလာပ်တူအစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ ပစ္ဆာဇာတဖြစ်သော ပဉ္စဝိညာဏ်တို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၄။ ကလာပ်တူသြဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ**၊ **(၃)**။

ဤ(၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့် အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်–ဌီ–ဘင်–ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ

ယင်းပဝတ္တိကမ္မဇရုပ်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး — ၅ ၊
၂။ ပစ္ဆာဇာတမျိုး — ၄ ၊
၃။ ရူပအာဟာရမျိုး — ၃ ၊
၄။ ရူပဇီဝိတိန္ဒြိယမျိုး — ၃ ၊
၅။ နာနာက္ခဏိကကမ္မ — ၁ ၊

ဤ(၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ်လေးပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ ပစ္ဆာဇာတဖြစ်သော ပဥ္စဝိညာဏ်ပစ္စည်းတရားတို့က **ပစ္ဆာဇာတ ဝိပ္ပ–ယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတု သမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့က **ရူပဇီဝိတိန္ဒြိယ ရူပ–ဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ၊ (၃)**။

၅။ အတိတ်ဖြစ်သော ကာမ ကုသိုလ်ကံ (၈), အကုသိုလ်ကံ (၁၂), ရူပ

ကုသိုလ်ကံ (၅)မျိုး - ပေါင်း (၂၅)မျိုးသော ပစ္စည်းတရားတို့တွင် တစ်မျိုးမျိုးသော ပစ္စည်းတရားက **နာနာက္ခဏိကကမ္မသတ္တိ၊ (၁)**။

ဤ (၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်–ဌီ–ဘင်–ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ

ယင်းဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး — ၅ ၊
၂။ ပစ္ဆာဇာတမျိုး — ၄ ၊
၃။ ရူပအာဟာရမျိုး — ၃ ၊

ဤ(၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ ပစ္ဆာဇာတဖြစ်သော ပဉ္စဝိညာဏ် ပစ္စည်းတရားတို့က **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ကလာပ်တူသြဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့က **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ(၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့် အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## အကျဉ်းချုပ်မှတ်သားရန်
## ကာမစိတ် (၅၄) မျိုး – ပဉ္စဒွါရ ပစ္စည်း ခွဲပြချက်

စက္ခုဒွါရ၌ အတိမဟန္တ ရူပါရုံကို အာရုံပြု၍ ဝီထိစိတ်ဖြစ်ဟန်ကား -

"အတီတဘဝင် တစ်ကြိမ်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် (= ပဉ္စဝိညာဏ်)၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ ဘဝင် ဘဝင် . . . "

ဤဝီထိ၌ ဇောဌာနတွင် တည်ရှိကြကုန်သော —

(က) ကုသိုလ်,
(ခ) အကုသိုလ်,
(ဂ) ကြိယာဇောစိတ်တို့သည်

၁။ သဟဇာတမျိုး,
၂။ အာရမ္မဏမျိုး,
၃။ အနန္တရမျိုး,
၄။ ဝတ္ထုမျိုး,
၅။ ပကတူပနိဿယမျိုး,

ဤ (၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုခြင်းကြောင့် ဥပါဒ်ခဏအားဖြင့် ဖြစ်ပေါ်၍ ဌီခဏအားဖြင့် တည်နေကြရကုန်၏။

**ဝိပါက်စိတ်တို့သည်ကား** – အထက်ပါ (၅)မျိုးတို့တွင် နာနာက္ခဏိက ကမ္မမျိုးကို ထည့်၍ (၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုခြင်းကြောင့် ဥပါဒ်ခဏအားဖြင့် ဖြစ်ပေါ်၍ ဌီခဏအားဖြင့် တည်နေကြရကုန်၏။ ဤကား အကျဉ်းချုပ် မှတ်သားထားရန်တည်း။

## ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ

ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းပဉ္စဒွါရာဝဇ္ဇန်း အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည်

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊ **(၄)**။ **(၆ + ၄ = ၁၀)**။

၂။ ပစ္စုပ္ပန် ရူပါရုံပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။ (သဒ္ဒါရုံစသည် နည်းတူတည်း။)

၃။ မိမိ၏ရှေးက ချုပ်လေပြီးသော ဘဝင်္ဂုပစ္ဆေဒ နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

၄။ ယင်းဘဝင်္ဂုပစ္ဆေဒ နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၅။ ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ**၊ **(၁)**။

ဤ(၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## စက္ခုဝိညာဏ် ခန္ဓာ (၅) ပါး

စက္ခုဝိညာဏ် (= ပဥ္စဝိညာဏ်) ၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူ ပြိုင်၍ ဖြစ်သော **ပဝတ္တိကမ္မဇရုပ်**တို့၏ ဖြစ်ပေါ်တည်နေပုံ

ယင်းပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး — ၅ ၊
၂။ ပစ္ဆာဇာတမျိုး — ၄ ၊
၃။ ရုပ်အာဟာရမျိုး — ၃ ၊

၄။ ရူပဇီဝိတိန္ဒြိယမျိုး — ၃ ၊
၅။ နာနာက္ခဏိကကမ္မ — ၁ ၊

ဤ (၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (၁-၃-၄-၅ - တို့ကား ပဥ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာ၌ ဆိုခဲ့သည်နှင့် တူ၏။)

၂။ ပစ္ဆာဇာတဖြစ်သော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **ပစ္ဆာ-ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။ (ဤမျှသာ ထူးသည်။)

## ဥတုဇရုပ် – အာဟာရဇရုပ်

စက္ခုဝိညာဏ်၏ (ပဥ္စဝိညာဏ်၏) ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူ ပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး — ၅ ၊
၂။ ပစ္ဆာဇာတမျိုး — ၄ ၊
၃။ ရူပအာဟာရမျိုး — ၃ ၊

ဤ(၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ပဥ္စဒွါရာဝဇ္ဇန်း၌ ဆိုခဲ့သည့်နည်းကို မှီး၍ သိလေ။ ပစ္ဆာဇာတပစ္စည်းတရား မှာ သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ ဖြစ်သည်။)

❀ ❀ ❀

## စက္ခုဝိညာဏ် နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

စက္ခုဝိညာဏ်စိတ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) - အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | သဟဇာတမျိုး | — | ၁၀ ။ |
| ၂။ | အာရမ္မဏမျိုး | — | ၄ ။ |
| ၃။ | အနန္တရမျိုး | — | ၅ ။ |
| ၄။ | ဝတ္ထုမျိုး | — | ၆ ။ |
| ၅။ | ကမ္မမျိုး | — | ၂ ။ |
| ၆။ | ပကတူပနိဿယ | — | ၁ ။ |

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

စက္ခုဝိညာဏ်စိတ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော စက္ခုဝိညာဏ်စိတ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော စက္ခုဝိညာဏ် နာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ၊ (၃)**။ **(၇ + ၃ = ၁၀)**။

၂။ ပစ္စုပ္ပန် ရူပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

၄။ ရှေးဦးအစ အတီတဘဝင်နှင့် အတူဥပါဒ်သော မဗ္ဗိမာယုက စက္ခု ဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၅။ အတိတ်ဖြစ်သော ကာမ ကုသိုလ်ကံ အကုသိုလ်ကံတို့တွင် တစ်မျိုးမျိုး သော ကံပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယ သတ္တိ**၊ **(၂)**။

၆။ ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် (= အာလောက. . . ) ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ**၊ **(၁)**။

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## သမ္ပယုတ္တစိတ်ဆိုင်း ခန္ဓာ (၅) ပါး

## သမ္ပယုတ္တစိတ်ဆိုင်း ရူပက္ခန္ဓာ

သမ္ပယုတ္တစိတ်ဆိုင်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၃။ ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၄။ ရူပအာဟာရမျိုး | — | ၃ ၊ |

ဤ(၂၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သမ္ပဋိစ္ဆိုင်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) သမ္ပဋိစ္ဆိုင်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက်(၁၀) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သမ္ပဋိစ္ဆိုင်း နာမ-က္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မ သတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊ **(၄)**။ **(၆ + ၄ = ၁၀)**။

**[မှတ်ချက်** — (၂-၄)တို့ကား တူပြီ။ (၃) ပဥ္စာဇာတ၌ ပဥ္စာဇာတ ပစ္စည်းတရားကား သန္တိရဏ နာမက္ခန္ဓာတည်း။ ဤမျှသာ ထူးသည်။ သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ကိုလည်း ပဥ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာ၌ ဆိုခဲ့သည်ကို နည်းမှီး၍ ရှုလေ။ ဤ၌ ကုသလဝိပါက် သမ္ပ-ဋိစ္ဆိုင်း အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း (၂)မျိုးလုံးကိုပင် စုပေါင်း၍ ရေးသား တင်ပြထားသည်။ ရှုကွက်တူ၍ စုပေါင်းတင်ပြထားသော်လည်း ရှုသော အခါ၌ကား ခွဲ၍ရှုပါ။ အာရုံမှာ ဣဋ္ဌာရုံဖြစ်က ကုသလဝိပါက် အနိဋ္ဌာရုံ ဖြစ်က အကုသလဝိပါက် ဖြစ်သည်။]

# သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာ

သမ္ပဋိစ္ဆိုင်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် (၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | သဟဇာတမျိုး | — | ၁၁ ၊ |
| ၂။ | အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ | အနန္တရမျိုး | — | ၅ ၊ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ | ကမ္မမျိုး | — | ၂ ၊ |
| ၆။ | ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သမ္ပဋိစ္ဆိုင်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သမ္ပဋိစ္ဆိုင်းစိတ်၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)**။ **(၇ + ၄ = ၁၁)**။

၂။ ပစ္စုပ္ပန်ရုပ်ရဲ့ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိ–ဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော စက္ခုဝိညာဏ်နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ စက္ခုဝိညာဏ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့တွင် တစ်မျိုးမျိုးသော ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

၆။ ဗလဝ ဖြစ်သော အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## သန္တီရဏ ခန္ဓာ (၅) ပါး
## သန္တီရဏ – စိတ္တဇရုပ်

သန္တီရဏ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၃။ ပစ္ဆာဇာတမျိုး | — | ၄ ၊ |

၄။ ရူပအာဟာရမျိုး — ၃ ၊

ဤ(၂၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သန္ဓိရဏ နာမက္ခန္ဓာကြောင့် ဖြစ်ပေါ်လာကုန်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) သန္ဓိရဏစိတ်၊ ဆန္ဒ ဝီရိယ ကြဉ်သော (ဥပေက္ခာဖြစ်လျှင် ပီတိပါ ကြဉ်သော) အညသမာန်းစေတသိက် (၁၁/၁၀) - အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သန္ဓိရဏ နာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) သောမနဿသဟဂုတ် သန္ဓိရဏ စိတ္တဇရုပ် ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် သန္ဓိရဏ စိတ္တဇရုပ် ဖြစ်အံ့ - ပီတိ ကြဉ်သော ဈာနင် (၄)ပါး - ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)**။ **(၆ + ၄ = ၁၀)** ။

**[မှတ်ချက်** — (၂-၄)တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်းသာ နည်းမှီး၍ ရှုလေ။ ပစ္ဆာဇာတ၌ ပစ္ဆာဇာတပစ္စည်းတရားမှာ ဝုဋ္ဌောနာမက္ခန္ဓာ ပစ္စည်းတရားတို့ ဖြစ်ကြသည်။ ။ သန္ဓိရဏနာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်းသာ မှတ်သားပါ။ နည်းမှီး၍ ရှုပါ။]

## သန္တီရဏ နာမက္ခန္ဓာ

သန္တီရဏ စိတ် + စေတသိက် = အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၁ ၊
၂။ အာရမ္မဏမျိုး — ၄ ၊
၃။ အနန္တရမျိုး — ၅ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ နာနာက္ခဏိကကမ္မမျိုး — ၂ ၊
၆။ ပကတူပနိဿယ — ၁ ၊

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သန္တီရဏစိတ်၊ ဆန္ဒ (ပီတိ) ဝီရိယကြဉ်သော အညသမာန်းစေတသိက် (၁၁/၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သန္တီရဏစိတ်၊ ဆန္ဒ (ပီတိ) ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၁/၁၀) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အ-ညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သန္တီရဏ နာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) သောမနဿသဟဂုတ် သန္တီရဏစိတ် ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်အံ့ - ပီတိ ကြဉ်သော

ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)**။ **(၇ + ၀၄ = ၁၁)**။

၂။ ပစ္စုပ္ပန်ရှုပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိ–ဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ သမ္ပဋိစ္ဆိုင်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော ကာမ ကုသိုလ်ကံ အကုသိုလ်ကံတို့တွင် တစ်မျိုးမျိုးသော ကံပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယ သတ္တိ၊ (၂)**။

၆။ ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ဝုဋ္ဌော ခန္ဓာ (၅) ပါး

## ဝုဋ္ဌော နာမက္ခန္ဓာ – စိတ္တဇရုပ် (ရူပက္ခန္ဓာ)

ဝုဋ္ဌောနာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည်

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၉ ၊ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |

၃။ ပစ္ဆာဇာတမျိုး — ၄ ၊
၄။ ရူပအာဟာရမျိုး — ၃ ၊

ဤ(၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဝုဋ္ဌောနာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည်

၁။ (က) ဝုဋ္ဌောစိတ်၊ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်း စေတသိက် (၁၁) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟ-ဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)။**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဝုဋ္ဌောနာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)။ (၅ + ၄ = ၉)။**

[**မှတ်ချက်** — (၂-၄) တို့ကို နည်းတူ မှတ်ပါ။ ပစ္ဆာဇာတ၌ ပစ္ဆာဇာတ ပစ္စည်းတရားကား ပဌမဇောနာမက္ခန္ဓာတည်း။ ။ ဝုဋ္ဌောနာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း မှတ်သားပါလေ၊ ရှုပါလေ။]

## ဝုဋ္ဌော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

ဝုဋ္ဌောစိတ်၊ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်း စေတသိက် (၁၁) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၀ ၊
၂။ အာရမ္မဏမျိုး — ၄ ၊
၃။ အနန္တရမျိုး — ၅ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ ပကတူပနိဿယ — ၁ ၊

ဤ(၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဝုဋ္ဌောစိတ်၊ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်း စေတသိက် (၁၁) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဝုဋ္ဌောစိတ်၊ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်း စေတသိက် (၁၁) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဝုဋ္ဌောနာမက္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)**။ **(၆ + ၄ = ၁၀)**။

၂။ ပစ္စုပ္ပန်ရူပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော သန္တီရဏ နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ**

**သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ သန္တီရဏစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## မဟာကုသိုလ် ပထမဇော ခန္ဓာ (၅) ပါး (ပဉ္စဒွါရဝီထိ)

## မဟာကုသိုလ် ပထမဇော ရူပက္ခန္ဓာ

မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၂ ၊
၂။ ရုပ်သဟဇာတမျိုး — ၅ ၊
၃။ ပစ္ဆာဇာတမျိုး — ၄ ၊
၄။ ရူပအာဟာရမျိုး — ၃ ၊

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) မဟာကုသိုလ် ပထမဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ခ) ဒွိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ် စိတ္တဇရုပ် ဖြစ်အံ့ - အလောဘ အဒေါသ အမောဟ - ဤ ဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဒွိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ်၊ တိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် ဝီမံသ - (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဒွိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး တိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရား တို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ် စိတ္တဇရုပ် ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် စိတ္တဇရုပ် ဖြစ်အံ့ - ဈာနင် (၄)ပါး ပစ္စည်း တရားတို့က **ဈာနသတ္တိ**၊

(ဇ) ဒွိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - ဝိရတိ ပညာ ကြဉ်သော မဂ္ဂင် (၄)ပါး တိဟိတ်စိတ္တဇရုပ် ဖြစ်အံ့ - ဝိရတိ ကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၇)**။ **(၅ + ၇ = ၁၂)**။

**[မှတ်ချက်** – (၂-၄)တို့ကား တူပြီ။ (၃)ပစ္ဆာဇာတ၌ ပစ္ဆာဇာတ ဖြစ်သော ဒုတိယဇော နာမက္ခန္ဓာတရားစုတို့မှာ ပထမဇော စိတ္တဇရုပ်၏ ပစ္ဆာဇာတ အကြောင်းပစ္စည်းတရားတည်း။ ဒုတိယဇော စိတ္တဇရုပ်၌ တတိ- ယဇော နာမက္ခန္ဓာတရားစုတည်း။ ဤသို့စသည်ဖြင့် သဘောပေါက်ပါ။

မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်းသာ မှတ်သားပါလေ၊ ရှုပါလေ။ ။ မဟာကုသိုလ် ဒုတိယဇောစသည်နှင့်လည်းကောင်း, ကြိယာဇော အကုသိုလ်ဇောတို့နှင့်လည်းကောင်း အတူဥပါဒ်သော စိတ္တဇရုပ်၊ ယင်းဇောတို့၏ ဥပါဒ်-ဌီ-ဘင်-ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည်တို့ကို နည်းမှီး၍ ရှုလေ။]

## မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ (ပဋ္ဌာန်ဒါရဝီထိ)

မဟာကုသိုလ် ပဌမဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၃ ၊
၂။ အာရမ္မဏမျိုး — ၄ ၊
၃။ အနန္တရမျိုး — ၅ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ ပကတူပနိဿယ — ၁ ၊

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ပဌမဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပဌမဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃)-အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည**

**နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပထမဇောနာမက္ခန္ဓာ၌ တည်ရှိသော ဒွိဟိတ်ဇော ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ်ဇော ဖြစ်အံ့ - အလောဘ အဒေါသ အမောဟ - ဉာဏ်ဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) သာဓိပတိဒွိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ်၊ သာဓိပတိ တိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် ဝီမံသ - အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်း တရားတို့က **အဓိပတိသတ္တိ**၊

(ဃ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပထမ ဇော နာမက္ခန္ဓာ၌ တည်ရှိသော စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဒွိဟိတ်ဇော ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ်ဇော ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာ သဟဂုတ်ဇော ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်း တရားတို့က **ဈာနသတ္တိ**၊

(ဇ) ဒွိဟိတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၄)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၇)**။

**(၆ + ၇ = ၁၃)**။

၂။ ပစ္စုပ္ပန်ရုပ်ရဲ့ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ သတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော ဝုဋ္ဌောနာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမ-နန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ ဝုဋ္ဌောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝဖြစ်သော = အားကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်-ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယ သတ္တိ၊ (၁)**။

ဤ (၂၈) မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## မဟာကုသိုလ် ဒုတိယဇော ရူပက္ခန္ဓာကို နည်းမှီး၍ ရှုလေ။

## မဟာကုသိုလ် ဒုတိယဇော နာမက္ခန္ဓာ (ပဋ္ဌာန်ပါဠိထိ)

မဟာကုသိုလ် ဒုတိယဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေ-တသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ အနန္တရမျိုး | — | ၆ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၉)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ဒုတိယဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ဒုတိယဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ဒုတိယဇောနာမက္ခန္ဓာ၌ တည်ရှိသော ဒွိဟိတ်ဇော ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ်ဇော ဖြစ်အံ့ - အလောဘ အဒေါသ အမောဟ - ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) သာဓိပတိ ဒွိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ်၊ သာဓိပတိ တိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် ဝီမံသ - ဤအဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဒွိဟိတ်ဇော ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ်ဇော ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ်ဇော ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်း

တရားတို့က **ဈာနသတ္တိ**။

(ဈ) ဒွိဟိတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၄)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - ပညာ ဝိတက် ဝီရိယ သတိ ဧတဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၇)**။ **(၆ + ၇ = ၁၃)**။

၂။ ပစ္စုပ္ပန်ရုပ်ပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

၄။ မဟာကုသိုလ် ပထမဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝ ဖြစ်သော = အားကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယ သတ္တိ၊ (၁)**။

ဤ(၂၉)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — မဟာကုသိုလ် တတိယဇောမှ သတ္တမဇောတိုင်အောင်သော ဇောတို့ကို ဒုတိယဇောကို နည်းမှီး၍ သိလေ ရှုလေ။ ဒုတိယဇောသည် တတိယဇော၏၊ တတိယဇောသည် စတုတ္ထဇော၏၊ စတုတ္ထဇောသည် ပဉ္စမဇော၏၊ ပဉ္စမဇောသည် ဆဋ္ဌဇော၏၊ ဆဋ္ဌဇောသည် သတ္တမဇော၏ အနန္တရမျိုး အကြောင်းတရား ဖြစ်၏။ ဤမျှသာ ထူး၏။]

# အကုသိုလ်ဇော ခန္ဓာ (၅) ပါး

အကုသိုလ်ဇော ရူပက္ခန္ဓာကို ဆိုခဲ့ပြီးရူပက္ခန္ဓာကို နည်းမှီး၍ သိလေရှုလေ။ အကုသိုလ်ဇော နာမက္ခန္ဓာတို့ကို စုပေါင်း၍ရေးသားတင်ပြပေအံ့။

## အကုသိုလ်ဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ (ပဉ္စဒွါရဝီထိ)

အကုသိုလ် ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အကုသိုလ် ဒွါဒသ ပထမဇော၊ စေတသိက် (၂၇) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အကုသိုလ်ဒွါဒသ ပထမဇော - အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ယင်းအကုသိုလ် ပထမဇော နာမက္ခန္ဓာ၌ တည်ရှိသော - လောဘမူဇော ဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဇော ဖြစ်အံ့ - ဒေါသ မောဟ၊

မောဟမူဇောဖြစ်အံ့ - မောဟ - ဤဟိတ် (၂)ပါး (၁)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) သာဓိပတိ လောဘမူ ဒေါသမူဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် အဓိပတိ တရားကိုယ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်း တရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) လောဘမူ ဒေါသမူ ဥဒ္ဓစ္စသမ္ပယုတ်ဇော ဖြစ်အံ့ - ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၅)ပါး၊ ဝိစိကိစ္ဆာ သမ္ပယုတ်ဇောဖြစ်အံ့ - ဇီဝိတ စိတ် ဝေဒနာ ဝီရိယ - နာမ်ဣန္ဒြေ (၄)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ်ဇော ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဒေါမနဿ သဟဂုတ် ဥပေက္ခာသဟဂုတ်ဇော ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဇ) ဒိဋ္ဌိဂတသမ္ပယုတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ မဂ္ဂင် (၄)ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော ဒေါသမူဇော ဥဒ္ဓစ္စသမ္ပ- ယုတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ ဧကဂ္ဂတာ မဂ္ဂင် (၃)ပါး၊ ဝိစိကိစ္ဆာသမ္ပယုတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ မဂ္ဂင် (၂)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၇)။ (၆ + ၇ = ၁၃)**။

၂။ ပစ္ဆုပ္ပန်ရုပ်ပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိ- ဂတသတ္တိ၊ (၄)**။

၃။ ချုပ်လေပြီးသော ဝုဋ္ဌောနာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ ဝုဋ္ဌာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

[**မှတ်ချက်** — ဒုတိယဇော အကုသိုလ် နာမက္ခန္ဓာဖြစ်မှု အနန္တရမျိုး၌ ချုပ်လေပြီးသော ပထမဇောနာမက္ခန္ဓာ ပစ္စည်းတရားတို့က အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ (၆)မျိုး၊ ဝတ္ထုမျိုး၌ ပထမဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၅)မျိုး - ဤမျှသာ ထူး၏။ အာသေဝနပိုလာသဖြင့် အားလုံးပေါင်း ပစ္စည်း (၂၉)မျိုး ဖြစ်၏။ နည်းမှီး၍ရှုလေ။ တတိယဇောစသည်၌လည်း သိလောက်ပြီ၊ နည်းမှီး၍သာ ရှုပါ။ သဘောတူရာကို စုပေါင်း၍ ရေးသားတင်ပြထားသော်လည်း ဇော စိတ္တက္ခဏ တစ်ခုအတွင်း၌ အကုသိုလ်ဇောအားလုံး ပြိုင်တူ မဖြစ်နိုင်ဘဲ တစ်မျိုးသာ ဖြစ်နိုင်သဖြင့် လက်တွေ့ရှုသောအခါ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြထားသည့်အတိုင်း ဇောတစ်မျိုးစီကိုသာ ခွဲ၍ ရှုပါ။]

## တဒါရုံ ခန္ဓာ (၅) ပါး

စက္ခုဒွါရဝီထိ (ပဉ္စဒွါရဝီထိ)များ၌ အာရုံသည် ဣဋ္ဌာရုံဖြစ်က သဟိတ်တဒါရုံ, အာရုံသည် အနိဋ္ဌာရုံဖြစ်ပါက အဟိတ်တဒါရုံဟု တဒါရုံနှစ်မျိုးလုံး ထိုက်သည့်အားလျော်စွာ ကျနိုင်၏။ ဤတွင် သဟိတ်တဒါရုံ = မဟာဝိပါက် တဒါရုံကို ရှေးဦးစွာ တင်ပြအပ်ပါသည်။ မဟာဝိပါက်တဒါရုံသည်လည်း

(၈)မျိုးရှိရာ ဤ၌ စုပေါင်း၍ ရေးသားတင်ပြအပ်ပါသည်။ သို့သော် လက်တွေ့ ရှုသော အခါ၌ကား ဝီထိတစ်ခု အတွင်းဝယ် တဒါရုံ တစ်မျိုးသာ ကျခွင့် ရှိသဖြင့် တစ်မျိုးစီသာ ခွဲ၍ ရှုပါ။

## သဟိတ်ပထမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေရပုံ

သဟိတ်ပထမတဒါရုံ = မဟာဝိပါက်တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၂၊
၂။ ရုပ်သဟဇာတမျိုး — ၅၊
၃။ ပစ္ဆာဇာတမျိုး — ၄၊
၄။ ရုပအာဟာရမျိုး — ၃၊

ဤ(၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သဟိတ်ပထမတဒါရုံ နာမက္ခန္ဓာကြောင့်ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရားတို့သည် —

၁။ (က) သဟိတ်ပထမတဒါရုံ၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တ ခန္ဓာအား ကျေးဇူးပြုတတ်သော သဟိတ်တဒါရုံ နာမက္ခန္ဓာ၌ တည်ရှိသော ဒွိဟိတ်တဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ်တဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - အလောဘ အဒေါသ အမောဟ၊ ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) ဒွိဟိတ်တဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်တဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် ပထမတဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် ပထမတဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ဒွိဟိတ်ပထမတဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - ဝိရတိ ပညာ ကြဉ်သော မဂ္ဂင် (၄)ပါး၊ တိဟိတ်ပထမတဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ - ဝိရတိ ကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၆)**။

**(၆ + ၆ = ၁၂)**။

**[မှတ်ချက်** — (၂-၄)တို့ကား တူပြီ။ (၃)ပစ္ဆာဇာတပစ္စည်းတရားမှာ ပစ္ဆာဇာတဖြစ်သော သဟိတ်ဒုတိယတဒါရုံ နာမက္ခန္ဓာ ဖြစ်သည်။ သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း နည်းမှီး၍ ရှုလေ။ သဟိတ်ဒုတိယတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် စသည်တို့ကို-လည်း ပြဆိုခဲ့ပြီးသည့်အတိုင်း သိပါလေ။ တဒါရုံနောင်ကျသော ဘဝင် နာမက္ခန္ဓာသည် ပစ္ဆာဇာတ အကြောင်းတရား ဖြစ်သည်။**]**

## သဟိတ် မဟာဝိပါက်တဒါရုံ နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

သဟိတ် မဟာဝိပါက်တဒါရုံ (၈)၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေ-တသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး — ၁၃ ၊
၂။ အာရမ္မဏမျိုး — ၄ ၊
၃။ အနန္တရမျိုး — ၅ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ နာနာက္ခဏိကကမ္မမျိုး — ၂ ၊
၆။ ပကတူပနိဿယ — ၁ ၊

ဤ (၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သဟိတ် မဟာဝိပါက်တဒါရုံ (၈)၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေ-တသိက် (၃၃) (ရံခါ ၃၂-၃၁) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား တို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သဟိတ်တဒါရုံ (၈)၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် (၃၃) (ရံခါ ၃၂-၃၁) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အည–မည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ယင်းသဟိတ်တဒါရုံ နာမက္ခန္ဓာ၌ တည်ရှိသော ဒွိဟိတ်တဒါရုံ ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ်တဒါရုံ ဖြစ်အံ့ - အလောဘ အဒေါသ အမောဟ - ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့က **ဟေတု သတ္တိ**၊

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) ဒွိဟိတ်တဒါရုံ ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်တဒါရုံ ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က

**ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿတဒါရုံ ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာတဒါရုံ ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ဒွိဟိတ်တဒါရုံ ဖြစ်အံ့ - ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ -မဂ္ဂင် (၄)ပါး၊ တိဟိတ်တဒါရုံ ဖြစ်အံ့ - ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၆)**။

**(၇ + ၆ = ၁၃)**။

၂။ ပစ္စုပ္ပန်ရူပါရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ ပဌမတဒါရုံ ဖြစ်အံ့ - ချုပ်လေပြီးသော သတ္တမဇော နာမက္ခန္ဓာ၊ ဒုတိယတဒါရုံ ဖြစ်အံ့ - ချုပ်လေပြီးသော ပဌမတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

၄။ ပဌမတဒါရုံ ဖြစ်အံ့ - သတ္တမဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဒုတိယတဒါရုံ ဖြစ်အံ့ - ပဌမတဒါရုံနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၅။ အတိတ်ဖြစ်သော ဗလဝဖြစ်သော = အားကောင်းသော ကာမကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ**၊ **(၂)**။

၆။ ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ**၊ **(၁)**။

ဤ(၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ဖြစ်ပေါ်တည်နေပုံ

အဟိတ်ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စ-ယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ ရုပ်သဟဇာတမျိုး | — | ၅ ၊ |
| ၃။ ပစ္ဆာဇာတမျိုး | — | ၄ ၊ |
| ၄။ ရူပအာဟာရမျိုး | — | ၃ ၊ |

ဤ(၂၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အဟိတ်ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စ-ယုပ္ပန်တရားတို့သည် —

၁။ (က) အဟိတ်ပထမတဒါရုံစိတ် (သောမနဿဖြစ်လျှင် ဆန္ဒ ဝီရိယ ကြဉ်သော, ဥပေက္ခာဖြစ်လျှင် ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော) အညသမာန်း စေတသိက် (၁၁) သို့မဟုတ် (၁၀) - အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

( င ) အဟိတ် သောမနဿသဟဂုတ် ပထမတဒါရုံ စိတ္တဇရုပ် ဖြစ်အံ့ ဈာနင် (၅)ပါး၊ အဟိတ် ဥပေက္ခာသဟဂုတ် ပထမတဒါရုံ စိတ္တဇ ရုပ် ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)။ (၆ + ၄ = ၁၀)**။

**[မှတ်ချက်** — (၂-၄) တို့ကား ရှေး၌ ဆိုခဲ့ပြီးသည်နှင့် တူပြီ။ ပစ္ဆာ-ဇာတ၌ ဒုတိယတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရား ဖြစ်သည်။ ဤမျှသာ ထူးသည်။ ။ အဟိတ် ပထမတဒါရုံ၏ နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင် ခဏ တို့နှင့် အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ် တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း နည်းမှီး၍ သိလေ။ ။ အဟိတ်ဒုတိယ တဒါရုံ စိတ္တဇရုပ်ကိုလည်း အဟိတ်ပထမတဒါရုံ စိတ္တဇရုပ်ကို နည်းမှီး၍ သိပါလေ။ ပစ္ဆာဇာတမျိုး၌ ပစ္ဆာဇာတပစ္စည်းတရားမှာ ပစ္ဆာဇာတဖြစ်သော တဒါရုံနောင်ကျသော ပထမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရား ဖြစ်သည်။ ဤမျှသာ ထူးသည်။ ။ အဟိတ်တဒါရုံ (၃)ခု၌ သဟဇာတမျိုးကြောင့် ဖြစ်ပေါ်ရပုံကို သန္တီရဏစိတ် (၃)ခုနှင့် အတူသိလေ။ အာရမ္မဏမျိုး စသည် တို့ကြောင့် ဖြစ်ပေါ်ရပုံကိုကား သဟိတ်တဒါရုံနှင့် အတူသိလေ။]

ဤတွင် စက္ခုဒွါရဝီထိ စိတ္တက္ခဏအသီးအသီး၌ ခန္ဓာ (၅)ပါး ဖွဲ့၍ ယင်းခန္ဓာ (၅)ပါး အသီးအသီး၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ အပိုင်းကို ခြုံ၍ တင်ပြပြီးလေပြီ။ သို့သော် လက်တွေ့ရှုရာ၌ကား နာမ်ကမ္မဋ္ဌာန်းပိုင်းဇယား များတွင် ရေးသားတင်ပြထားသည့်အတိုင်း စိတ္တက္ခဏတိုင်း၌ ခွဲ၍ ရှုပါ။ သောတဒွါရဝီထိ စသည်တို့၌ ထူးခြားမှုမှာ ဤသို့ ဖြစ်၏။

၁။ သောတဒွါရဝီထိစိတ် ဖြစ်အံ့ - ပစ္စုပ္ပန်သဒ္ဒါရုံ၊
၂။ ဃာနဒွါရဝီထိစိတ် ဖြစ်အံ့ - ပစ္စုပ္ပန်ဂန္ဓာရုံ၊
၃။ ဇိဝှါဒွါရဝီထိစိတ် ဖြစ်အံ့ - ပစ္စုပ္ပန်ရသာရုံ၊
၄။ ကာယဒွါရဝီထိစိတ် ဖြစ်အံ့ - ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ၊

ဤ အသီးအသီးသော ပစ္စည်းတရားက **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ (၄)။

ဤမျှသာ ထူး၏။ ကြွင်းသော ပစ္စည်းတရားတို့က ကျေးဇူးပြုပုံ၌ စက္ခုဒွါရဝီထိစိတ်တို့၌ ဆိုခဲ့ပြီးသည်ကို နည်းမှီး၍ ရှုလေ။

❀ ❀ ❀

## ကာမဇော မနောဒွါရိကစိတ် ဖြစ်ပေါ်တည်နေရပုံ

ကာမဇော မနောဒွါရိကစိတ်တို့သည် အကျဉ်းအားဖြင့် —

၁။ မနောဒွါရာဝဇ္ဇန်း၊
၂။ ဇော၊
၃။ တဒါရုံတည်း။

စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့်ကား —

| | | |
|---|---|---|
| ၁။ မနောဒွါရာဝဇ္ဇန်း | - | ၁ ၊ |
| ၂။ ဇော | - | ၇ ၊ |
| ၃။ တဒါရုံ | - | ၂ ၊ |
| အားလုံးပေါင်းသော် | - | ၁၀ - ကြိမ်တည်း။ |

အကျယ်အားဖြင့်ကား —

| | | |
|---|---|---|
| ၁။ မနောဒွါရာဝဇ္ဇန်း | - | ၁ ၊ |
| ၂။ ကာမဇော | - | ၂၉ ၊ |
| ၃။ တဒါရုံ | - | ၁၁ ၊ |
| အားလုံးပေါင်းသော် | - | ၄၁ - တည်း။ |

## မနောဒွါရာဝဇ္ဇန်း ခန္ဓာ (၅) ပါး

ရူပက္ခန္ဓာကို နည်းမှီး၍ သိပါ ရှုပါ။ နာမက္ခန္ဓာကို ဆက်လက်၍ တင်ပြအပ်ပါသည်။

## မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ

မနောဒွါရာဝဇ္ဇန်းစိတ်၊ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်းစေတသိက် (၁၁) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၁/၄/၆ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ (၂၂/၂၅/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ထိုတွင် နာမ်သဟဇာတမျိုး (၁၀)နှင့် ပကတူပနိဿယ (၁) အကြောင်းပစ္စည်းတရားတို့က ကျေးဇူးပြုပုံအပိုင်းကို ဝုဋ္ဌောနာမက္ခန္ဓာပိုင်း၌ ဆိုခဲ့သည့်နည်းအတိုင်း သိရှိပါလေ ရှုပါလေ။ အနည်းငယ် ထူးရာကိုသာ ဆိုပေအံ့။

## ၂။ အာရမ္မဏမျိုး

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော စိတ် (၈၉)၊ စေတသိက်

(၅၂) - အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် (၁၀)၊ နိဗ္ဗာန်၊ ပညတ် - ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

## ၃။ အနန္တရမျိုး

မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၃။ အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဘဝင်္ဂုပစ္ဆေဒ (၁၉)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားက **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

## ၄။ ဝတ္ထုမျိုး

၄။ ပဉ္စဝေါကာရ ဘဝင် (၁၅)ခု နာမက္ခန္ဓာတို့တွင် မိမိ၏ (= မနောဒွါရာဝဇ္ဇန်း၏) အခြားမဲ့၌ ချုပ်လေပြီးသော တစ်မျိုးမျိုးသော ဘဝင် နာမက္ခန္ဓာ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဤမျှသာ ထူးသည်။

# မဟာကုသိုလ် ဉာဏသမ္ပယုတ် မနောဒွါရိက ပဌမဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

[ရူပက္ခန္ဓာကို နည်းမှီး၍ ရှုလေ။]

၁။ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် (၈၇)၊
၂။ စေတသိက် (၅၂)၊
၃။ ရုပ် (၂၈)၊
၄။ နိဗ္ဗာန်၊
၅။ ပညတ်၊

ဤအာရုံ(၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံကို အာရုံပြု၍ မနော-ဒွါရိက မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောဝီထိသည် ဖြစ်ပေါ်လာ၏။ ဤဝီထိ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပဌမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၁/၄/၆/၃ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ (၂၅/၂၈/၃၀/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ပဌမဇောစိတ်၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ် ပထမဇောစိတ်၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေ-တသိက် (၃၃) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ် ပထမဇော နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ - ဤဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) သာဓိပတိ တိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် ဝီမံသ အဓိပတိတရားကိုယ် (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်း တရားတို့က **အဓိပတိသတ္တိ၊ (သဟဇာတာဓိပတိ)**

(ဃ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ်ဇော ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာ သဟဂုတ်ဇော ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်း တရားတို့က **ဈာနသတ္တိ**၊

(ဇ) ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်း တရားတို့က **မဂ္ဂသတ္တိ၊ (၇)**။ **(၆ + ၇ = ၁၃)**။

၂။ အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်၊ ပညတ် - ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံကို သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် (၁၀)၊ ပညတ် - ဤ အာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

( ခ ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် (၁၈) ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရား တို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

( ဂ ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရား တို့က **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၆)**။

အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် (၂၀) နာမက္ခန္ဓာ၊ အောက်ဖိုလ် (၃)ခု နာမက္ခန္ဓာ၊ နိဗ္ဗာန် ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ၊ (၃)**။

၃။ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

**[မှတ်ချက်** — အကယ်၍ ဒုတိယဇော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ဖြစ်အံ့ - ချုပ်လေပြီးသော ပထမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။ ဤမျှသာ

ထူးသည်။ တတိယဇော စသည်၌လည်း အလားတူပင် အာသေဝန အ-ကြောင်း တစ်ခုသာ ပိုသည်။]

၄။ မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝ ဖြစ်သော = အားကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်-ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယ သတ္တိ၊ (၁)**။

ဤ (၂၅/၂၈/၃၀/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ဒုတိယဇောစသည်ကို နည်းမှီး၍ ရှုလေ။ တဒါရုံကိုလည်း ပဉ္စဒွါရ၌ ဆိုခဲ့သည်ကို နည်းမှီး၍ ရှုလေ)။

❀ ❀ ❀

## မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော နာမက္ခန္ဓာ

၁။ လောကီစိတ် (၈၁)၊
၂။ စေတသိက် (၅၂)၊
၃။ ရုပ် (၂၈)၊
၄။ ပညတ်၊

ဤအာရုံ (၆)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကို အာရုံပြု၍ မနော-ဒွါရိက မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ဇောဝီထိ စိတ်အစဉ်သည် ဖြစ်ပေါ်လာ၏။ ဤဝီထိ၌ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၃ ။ |
| ၂။ အာရမ္မဏမျိုး | — | ၁/၄/၆/၃ ။ |
| ၃။ အနန္တရမျိုး | — | ၅ ။ |
| ၄။ ဝတ္ထုမျိုး | — | ၅ ။ |
| ၅။ ပကတူပနိဿယ | — | ၁ ။ |

ဤ (၂၅/၂၈/၃၀/၂၇) မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ဒုတိယဇောစသည်ဖြစ်လျှင် အနန္တရမျိုး၌ အာသေဝန ထပ်ထည့်ပါ။)

[**မှတ်ချက်** — ဤ၌ သဟဇာတမျိုး၊ အနန္တရမျိုး၊ ဝတ္ထုမျိုး၊ ပကတူပနိဿယမျိုးတို့ကို နည်းမှီး၍ ရှုလေ။]

## အာရမ္မဏမျိုး

ရံခါ သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ အတိတ်အနာဂတ်နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် (၁၀)၊ ပညတ် ပစ္စည်းတရားတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ အာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

ရုံခါ အလေးအမြတ်အားဖြင့် အာရုံ ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

ရုံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော လောကီကုသိုလ် သတ္တရသ (= ၁၇) နာမက္ခန္ဓာ ဓမ္မာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ၊ (၃)**။

(သဟဇာတမျိုး၊ အာရမ္မဏမျိုး၊ အနန္တရမျိုး၊ ဝတ္ထုမျိုး၊ ပကတူပနိဿယ အားလုံးပေါင်းသော်)

ဤ (၂၅/၂၈/၃၀/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — ဉာဏဝိပ္ပယုတ် မဟာကုသိုလ်ဇော ဖြစ်သဖြင့် ပညိန္ဒြေ စေတသိက် မယှဉ်ရကား သဟဇာတမျိုးဝယ် - ဟေတုပစ္စည်းတရား၌ အလောဘ အဒေါသ - ဟိတ် (၂)ပါး၊ ဣန္ဒြိယပစ္စည်းတရား၌ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၇)ပါး၊ မဂ္ဂပစ္စည်း တရား၌ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့ ဖြစ်ကြသည်။ နည်းမှီး၍သာ ရှုပါလေ။]

❀ ❀ ❀

# သဟိတ် မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ

မနောဒွါရဝီထိ၌ သဟိတ် မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ | အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ | အနန္တရမျိုး | — | ၅ ၊ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ | နာနာက္ခဏိကကမ္မမျိုး | — | ၂ ၊ |
| ၆။ | ပကတူပနိဿယ | — | ၁ ၊ |

ဤ(၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဤမနောဒွါရဝီထိ၌ တဒါရုံနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့၏ သဟဇာတမျိုး အာရမ္မဏမျိုး အနန္တရမျိုး ပစ္စည်းတရားတို့ကို ပဉ္စဒွါရ၌ ဆိုခဲ့သည့် နည်းအတိုင်း သိလေ။ ဝတ္ထုမျိုးစသည်ကို ဆိုပေအံ့။

## ၄။ ဝတ္ထုမျိုး

၄။ ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

ကာမသတ္တမဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဒုတိယ တဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား ဖြစ်အံ့ —

ပထမတဒါရုံ နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဥပါဒ်သော

ဟာဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

## နာနာက္ခဏိကကမ္မမျိုး

၅။ (က) ကုသလဝိပါက်တဒါရုံ (၁၀)၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော = အားကောင်းသော တစ်မျိုးမျိုးသော အတိတ်ကာမကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ**၊ **(၂)**။

(ခ) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် တဒါရုံ (၁)၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော = အားကောင်းသော အတိတ်အကုသိုလ်ကံ (၁၂) ပစ္စည်းတို့တွင် တစ်မျိုးမျိုးသော အကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ**၊ **(၂)**။

၆။ (**ပကတူပနိဿယ** တူပြီ။)

ဤ(၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## အဟိတ်တဒါရုံ (၃) ခု နာမက္ခန္ဓာ

အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၁ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၄ ၊ |

၃။ အနန္တရမျိုး — ၅ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ နာနာက္ခဏိကကမ္မမျိုး — ၂ ၊
၆။ ပကတူပနိဿယ — ၁ ၊

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

[**မှတ်ချက်** — အဟိတ်တဒါရုံ (၃)ခု၌ သဟဇာတမျိုးကြောင့် ဖြစ်ပေါ်ရပုံကို သန္တီရဏစိတ် (၃)ခုနှင့် အတူသိလေ။ အာရမ္မဏမျိုး စသည်တို့ကြောင့် ဖြစ်ပေါ်ရပုံကိုကား သဟိတ်တဒါရုံနှင့် အတူသိလေ။]

## မရဏာသန္နအခါ ဝတ္ထုမျိုး

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော (၂၉)၊ တဒါရုံ (၁၁)၊ စုတိနာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)** - ဤပစ္စည်းတရားတို့က ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

ထိုကာမဇော မနောဒွါရဝီထိ၌ အကယ်၍ လောဘဇော စောသည် ဖြစ်အံ့ - မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံတို့ကို အထက်ပါ မနောဒွါရာဝဇ္ဇန်း တဒါရုံတို့ကို နည်းမှီး၍ ရှုပါ။ လောဘမူဇော နာမက္ခန္ဓာ ဖြစ်ပေါ်လာပုံကို ဆက်လက်၍ တင်ပြပေအံ့။

# မနောဒွါရိက လောဘမူဇော နာမက္ခန္ဓာ

လောဘမူဇော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | — | ၁၃ ။ |
| ၂။ (က) အာရမ္မဏမျိုး | — | ၁/၄/၆ ။ |
| (ခ) အာရမ္မဏမျိုး | — | ၃/၆/၈ ။ |
| ၃။ အနန္တရမျိုး | — | ၆ ။ |
| ၄။ ဝတ္ထုမျိုး | — | ၅ ။ |
| ၅။ ပကတူပနိဿယ | — | ၁ ။ |

ဤ (၂၆/၂၉/၃၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ် တည်နေရကုန်၏။ တစ်နည်း — ဤ (၂၈/၃၁/၃၃)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြု ပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

လောဘမူဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော လောဘမူစိတ် (၈)ခု၊ ဒေါသ ကုက္ကုစ္စ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် (၂၂) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော လောဘမူနာမက္ခန္ဓာ၌ တည်ရှိသော လောဘ မောဟ - ဤဟိတ် (၂)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ၊**

(ဂ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဆန္ဒ ဝီရိယ စိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် - ဤနာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ် စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၄)ခု ဖြစ်အံ့ - ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဇ) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ခု ဖြစ်အံ့ - ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ - မဂ္ဂင် (၄)ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ခု ဖြစ်အံ့ - ဝိတက် ဝီရိယ ဧကဂ္ဂတာ - မဂ္ဂင် (၃)ပါး - ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၇)**။ **(၆ + ၇ = ၁၃)**။

၂။ (A) သာမန်အားဖြင့် အာရုံပြုတတ်သော လောဘမူစိတ် (၈)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် (၁၀)၊ ပညတ် - ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ**၊ **(၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ

ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၂။ (B) အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော လောဘမူစိတ် (၈) ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ဒေါသမူ ၂ခု၊ မောဟမူ ၂ခု၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော လောကီစိတ် (၇၆)၊ ဒေါသ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် (၄၇)၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈) ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ**၊ **(၃)**။

( ခ ) ရံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် (၁၈) - ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

( ဂ ) မရဏာသန္နအခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော - စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၈)**။

၃။ ပဌမဇော နာမက္ခန္ဓာ(၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ပစ္စည်းတရား

တို့က - [ဒုတိယဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့က။ ပ ။ သတ္တမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန် တရားတို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော ဆဋ္ဌဇော နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့က] **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

၄။ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် မနောဒွါရာ-ဝဇ္ဇန်း နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယ ဝတ္ထု။ ပ ။ [သတ္တမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဆဋ္ဌဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယ ဝတ္ထု] ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

* မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယ ဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၅)**။

၅။ ဗလဝ ဖြစ်သော အားကောင်းသော လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်း ဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်း တရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၆/၂၉/၃၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က, တစ်နည်း (၂၈/၃၁/၃၃)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## မနောဒွါရိက ဒေါသဇော – မောဟဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

ဒေါသမူ မောဟမူ ပထမဇော - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | နာမ်သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ | အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ | အနန္တရမျိုး | — | ၅ ၊ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ | ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက် — ပဥ္စဒွါရ**၌ ဆိုခဲ့သည်ကို နည်းမှီး၍ ရှုလေ။ အနန္တရမျိုး၌ ပထမဇော၏ အနန္တရအကြောင်းမှာ မနောဒွါရာဝဇ္ဇန်း၊ ဒုတိယဇော၏ အနန္တရအကြောင်းမှာ ပထမဇော။ ပ ။ သတ္တမဇော၏ အနန္တရအကြောင်းမှာ ဆဋ္ဌဇော အသီးအသီး ဖြစ်သည်။ ဝတ္ထုမျိုး၌လည်း နည်းတူသဘောပေါက်ပါလေ။]

❀ ❀ ❀

## ပဥ္စဒွါရိက ဟသိတုပ္ပါဒ်ဇော နာမက္ခန္ဓာ ဖြစ်ပေါ်တည်နေရပုံ

ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ ပဥ္စဒွါရဝီထိ မနောဒွါရဝီထိတို့၌ ဇောအရာဝယ် ကြိယာဇောများ စောကြ၏။ ဟသိတုပ္ပါဒ်ကြိယာဇောစိတ်နှင့် မဟာကြိယာဇောစိတ်တို့ ဖြစ်ကြ၏။ အရိုးစုပြိတ္တာကဲ့သို့သော မထွတ်မြတ်သော အာရုံတို့၌ ရဟန္တာအရှင်မြတ်တို့၏သန္တာန်ဝယ် ပြုံးရွှင်မှုကို ဖြစ်စေသော

စိတ်မှာ ဟသိတုပ္ပါဒ်ကြိယာဇောစိတ် ဖြစ်၏။ ရဟန္တာအရှင်မြတ်တို့၏သန္တာန်၌ ဖြစ်ပေါ်သွားကြသော ဝိပဿနာဇောစိတ်တို့ကား မဟာကြိယာဇောစိတ်တို့ပင် ဖြစ်ကြ၏။ ဤသို့ စသည်ဖြင့် သီလ သမာဓိ ပညာသိက္ခာ သုံးရပ်နှင့် ဆက်စပ်၍ ဖြစ်ပေါ်သွားကြသော ကာမကြိယာဇောစိတ်တို့ကို သဘော-ပေါက်ပါ။

အသင်သူတော်ကောင်းသည် အကယ်၍ ပုထုဇဉ် အဆင့်တွင်သာ တည်ရှိနေသေးပါက သို့မဟုတ် သေက္ခအရိယာ သူတော်ကောင်း အဆင့်တွင်သာ တည်ရှိနေသေးပါက ယင်းကြိယာဇောတို့၏ ပဋ္ဌာန်းပစ္စည်း ဆက်-သွယ်ပုံ အပိုင်းကို ရှုရန် မလိုပါ။ ပါရမီအားလျော်စွာ ရဟန္တာအဆင့်သို့ ရောက်ရှိသွားပါမှ ရှုရန်ဖြစ်သည်။ ဤ၌ ရှုလိုသောအခါ ရှုနိုင်ရန်ရည်ရွယ်၍ ယင်းကြိယာဇောတို့၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ အပိုင်းကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ ရှေးဦးစွာ ပဉ္စဒွါရဝီထိ၌ တည်ရှိသော ဟသိတု-ပ္ပါဒ်ဇော နာမက္ခန္ဓာ၏ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ အပိုင်းကို တင်ပြပေအံ့။

ဟသိတုပ္ပါဒ် ပထမဇော၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၄ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဟသိတုပ္ပါဒ် ပထမဇော၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဟသိတုပ္ပါဒ်ပထမဇော၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဟသိတုပ္ပါဒ်ပထမဇော နာမက္ခန္ဓာ၌ တည်ရှိသော စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ - နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ဈာနင် (၅)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၄)**။

**( ၆ + ၄ = ၁၀)**။

**[မှတ်ချက်** — အာရမ္မဏမျိုး၊ အနန္တရမျိုး၊ ဝတ္ထုမျိုး - ပစ္စည်းတရားတို့က ကျေးဇူးပြုပုံသည် မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ၌ ဆိုခဲ့သည်နှင့် တူပြီ။**]**

၅။ ဗလဝ ဖြစ်သော အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — ဒုတိယဇော စသည်၌ အာသေဝန ပစ္စည်းတစ်ခု ပို-လာ၏။ နည်းမှီး၍ ရှုလေ။ **မဟာကြိယာဇော**ကိုလည်း မဟာကုသိုလ်ဇော နည်းတူ မှတ်ပါ။ ဟသိတုပ္ပါဒ်ဇော စောသည့် ပဉ္စဒွါရဝီထိနှင့် မဟာကြိယာ

ဇော စောသည့် ပဉ္စဒွါရဝီထိတို့၌ တည်ရှိကြသော ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စ-ဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ တဒါရုံတို့ကိုလည်း အထက်တွင် ဆိုခဲ့သည့်အတိုင်းသာ မှတ်သားပါလေ၊ ရှုပါလေ။]

ယခုတစ်ဖန် ဟသိတုပ္ပါဒ်ဇော မဟာကြိယာဇော စောသည့် မနောဒွါရဝီထိကို ဆက်လက်၍ တင်ပြအပ်ပါသည်။

❀ ❀ ❀

## မနောဒွါရိက ဟသိတုပ္ပါဒ်ဇော နာမက္ခန္ဓာ

ဟသိတုပ္ပါဒ်စိတ် (၁)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂)၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | — | ၁၀ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၁/၄/၆ ၊ |
| ၃။ အနန္တရမျိုး | — | ၅ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

၌ (၂၂/၂၅/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဟသိတုပ္ပါဒ်စိတ် (၁)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂) အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဟသိတုပ္ပါဒ်စိတ် (၁)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂)၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဟသိတုပ္ပါဒ် နာမ-က္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတ-ကမ္မသတ္တိ**။

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**။

(ဃ) ဇီဝိတ စိတ် ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**။

(င) ဈာနင် (၅)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊ **(၄)**။

**(၆ + ၄ = ၁၀)**။

သာမန်အားဖြင့် အာရုံပြုတတ်သော ဟသိတုပ္ပါဒ်နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၂။ (က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ကာမစိတ် (၅၄)၊ စေ-တသိက် (၅၂)၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် (၁၀) - ဤကာမအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ**၊ **(၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၃။ အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရား တို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၂/၂၅/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ် တည်နေရကုန်၏။

ဒုတိယဇောစသည်၌ အာသေဝနပစ္စည်း ထပ်တိုးသဖြင့် (၂၃/၂၆/၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က ကျေးဇူးပြုပေးကြသည်ဟု မှတ်ပါ။ မနောဒွါရာဝဇ္ဇန်းနှင့် ဇော တဒါရုံ ရှုကွက်ကို အထက်၌ ဆိုခဲ့သည်ကို နည်းမှီး၍ ရှုလေ။

❀ ❀ ❀

## မဟာကြိယာဇော နာမက္ခန္ဓာ

စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်၊ ပညတ် - ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကြိယာ ဉာဏသမ္ပယုတ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်သည် ဖြစ်ပေါ်လာ၏။ ထိုတွင် မနောဒွါရာဝဇ္ဇန်းကို မဟာကုသိုလ်ဇောဝီထိ၌ ဆိုခဲ့သည်ကို နည်းမှီး၍ ရှုလေ။ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောကို ဆိုပေအံ့။

မဟာကြိယာ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | နာမ်သဟဇာတမျိုး | — | ၁၃ ။ |
| ၂။ | အာရမ္မဏမျိုး | — | ၁/၄/၆/၃ ။ |
| ၃။ | အနန္တရမျိုး | — | ၅ ။ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ။ |
| ၅။ | ပကတူပနိဿယ | — | ၁ ။ |

ဤ (၂၅/၂၈/၃၀/၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကြိယာ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကြိယာ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က**သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) ဒွိဟိတ်ဇော ဖြစ်အံ့ - အလောဘ အဒေါသ၊ တိဟိတ်ဇော ဖြစ်အံ့ အလောဘ အဒေါသ အမောဟ - ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) သာဓိပတိ ဒွိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ်၊ သာဓိပတိ တိဟိတ်ဇော ဖြစ်အံ့ - ဆန္ဒ ဝီရိယ စိတ် ဝီမံသ - အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ပထမဇော နာမ-က္ခန္ဓာ၌ တည်ရှိသော စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဒွိဟိတ်ဇော ဖြစ်အံ့ - ပညာကြဉ်သော နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ်ဇော ဖြစ်အံ့ - စျာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ်ဇော ဖြစ်အံ့ - ပီတိကြဉ်သော စျာနင် (၄)ပါး ပစ္စည်းတရားတို့က **စျာနသတ္တိ**၊

(ဇ) ဒွိဟိတ်ဇော ဖြစ်အံ့ - ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၄)ပါး၊ တိဟိတ်ဇော ဖြစ်အံ့ - ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၇)**။

**(၆ + ၇ = ၁၃)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကြိယာ ပထမဇော နာမ-က္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော စိတ် (၈၉)၊ စေတသိက် (၅၂)၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိ-ပ္ဖန္နရုပ် (၁၀)၊ ပညတ် - ဤအာရုံ (၆)ပါး ပစ္စည်းတရားတို့တွင် တစ်မျိုးမျိုးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ**၊ **(၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) ဤ အာရုံ (၆)ပါးတို့တွင် တစ်မျိုးမျိုးသော အာရုံ ပစ္စည်းတရား တို့က **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၆)**။

(ဃ) အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ဟူသော ဓမ္မာရုံ ပစ္စည်းတရားတို့တွင် တစ်မျိုးမျိုးသော ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယ သတ္တိ၊ (၃)**။

**[မှတ်ချက်** — အနန္တရမျိုး, ဝတ္ထုမျိုး, ပကတူပနိဿယတို့ကို မဟာကုသိုလ်ဇော၌ ဆိုခဲ့သည်တို့ကို နည်းမှီး၍ သိရှိပါလေ။]

ဤ (၂၅/၂၈/၃၀/၂၇) မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — ဒုတိယဇော စသည်၌ အနန္တရမျိုးဝယ် အာသေဝန ပစ္စည်းကို ထပ်ထည့်သော် -၂၆/၂၉/၃၁/၂၈ - အသီးအသီး ဖြစ်သည်။]

❀ ❀ ❀

# အပ္ပနာဇော - မနောဒွါရဝီထိ

## ကာမဇောနှင့် အပ္ပနာဇော

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် နှစ်မျိုးတို့၏ နောင်၌ ဖြစ်ကောင်းသော အပ္ပနာဇောတို့ကား —

| | | | |
|---|---|---|---|
| (က) | မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော | — | ၄ ၊ |
| (ခ) | မဂ် သောမနဿသဟဂုတ်ဇော | — | ၁၆ ၊ |
| (ဂ) | အောက်ဖိုလ် သောမနဿသဟဂုတ်ဇော | — | ၁၂ ၊ |
| | အားလုံးပေါင်းသော် | — | ၃၂ ၊ |

၂။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် ဤစိတ်နှစ်မျိုးတို့၏ နောင်၌ ဖြစ်ကောင်းသော အပ္ပနာဇောတို့ကား-

| | | | |
|---|---|---|---|
| (က) | မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော | — | ၅ ၊ |
| (ခ) | မဂ် ဥပေက္ခာသဟဂုတ်ဇော | — | ၄ ၊ |
| (ဂ) | အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော | — | ၃ ၊ |
| | အားလုံးပေါင်းသော် | — | ၁၂ ၊ |

၃။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ် - ဤမဟာကြိယာစိတ် နှစ်မျိုးတို့၏နောင်၌ ဖြစ်ကောင်းသော အပ္ပနာဇောတို့ကား —

| | | | |
|---|---|---|---|
| (က) | မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော | — | ၄ ၊ |
| (ခ) | အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော | — | ၄ ၊ |
| | အားလုံးပေါင်းသော် | — | ၈ ၊ |

၄။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ် ဤ မဟာကြိယာစိတ် နှစ်မျိုးနောင်၌ ဖြစ်ကောင်းသော အပ္ပနာဇော တို့ကား —

| | | | |
|---|---|---|---|
| (က) | မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော | — | ၅ ၊ |
| (ခ) | အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော | — | ၁ ၊ |
| | အားလုံးပေါင်းသော် | — | ၆ ၊ |

❀ ❀ ❀

## မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ

မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိတို့မှာ —

| | | | |
|---|---|---|---|
| ၁။ | အာဒိကမ္မိက မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ | — | ၉ ၊ |
| ၂။ | သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ | — | ၉ ၊ |
| | အားလုံးပေါင်းသော် | — | ၁၈ ၊ |

## အာဒိကမ္မိက မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ထိုနောင် မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုးတို့တွင် တစ်မျိုးမျိုးသည် အာဒိကမ္မိကဖြစ်၍ တစ်ကြိမ်မီသာ အပ္ပနာဇော သမာဓိကိစ္စကို ရွက်ဆောင်-လျက် ဖြစ်၍ ချုပ်၏။ ထိုနောင် တိဟိတ်ဘဝင် (၁၃)မျိုးတို့တွင် တစ်မျိုးမျိုး

သည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စကို ရွက်ဆောင်လျက် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

## သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ထို့နောင် မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုးတို့တွင် တစ်မျိုးမျိုးသည် ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာ အပ္ပနာဇော သမာဓိကိစ္စကို ရွက်ဆောင်-လျက် ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင် (၁၃) မျိုးတို့တွင် တစ်မျိုးမျိုး သည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စကို ရွက်ဆောင်လျက် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

❀ ❀ ❀

## မဟဂ္ဂုတ် ကုသိုလ်ဇော နာမက္ခန္ဓာ

မဟဂ္ဂုတ်ကုသိုလ်ဇော (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် —

၁။ သဟဇာတမျိုး — ၁၃ ၊
၂။ အာရမ္မဏမျိုး — ၁ ၊
၃။ အနန္တရမျိုး — ၆ ၊
၄။ ဝတ္ထုမျိုး — ၅ ၊
၅။ ပကတူပနိဿယ — ၁ ၊

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ် (၉) မျိုး အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့က **သဟဇာတ အည–မည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ် (၉) ခု နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရား တို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ် ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) ပထမစျာန် မဟဂ္ဂုတ်ကုသိုလ် ဖြစ်အံ့ - စျာနင် (၅)ပါး၊ ဒုတိယ စျာန် မဟဂ္ဂုတ်ကုသိုလ် ဖြစ်အံ့ - စျာနင် (၄)ပါး၊ တတိယစျာန် မဟဂ္ဂုတ်ကုသိုလ် ဖြစ်အံ့ - စျာနင် (၃)ပါး၊ စတုတ္ထစျာန် မဟဂ္ဂုတ် ကုသိုလ် ဖြစ်အံ့ - စျာနင် (၂)ပါး၊ ပဉ္စမစျာန် မဟဂ္ဂုတ်ကုသိုလ် (၅) ဖြစ်အံ့ - စျာနင် (၂)ပါး - ပစ္စည်းတရားတို့က **စျာနသတ္တိ**၊

(ဇ) ပထမစျာန် မဟဂ္ဂုတ်ကုသိုလ် ဖြစ်အံ့ - ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး၊ ဒုတိယစျာန် မဟဂ္ဂုတ်ကုသိုလ်, တတိယစျာန် မဟဂ္ဂုတ် ကုသိုလ်, စတုတ္ထစျာန် မဟဂ္ဂုတ်ကုသိုလ်, ပဉ္စမစျာန် မဟဂ္ဂုတ် ကုသိုလ် (၅) ဖြစ်အံ့ - ဝိရတိ ဝိတက် ကြဉ်သော မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၇)**။ **(၆ + ၇ = ၁၃)**။

၂။ ပထမဈာန် ရူပကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

(က) ကသိုဏ်းပညတ် (၁၀)ပါး၊

(ခ) အသုဘပညတ် (၁၀)ပါး၊

(ဂ) ကာယဂတာသတိ၏ အာရုံဖြစ်သော (၃၂)ကောဋ္ဌာသပညတ်၊

(ဃ) အာနာပါနဿတိ၏အာရုံဖြစ်သော ဝင်သက်ထွက်သက် ပညတ် = အာနာပါနပဋိဘာဂနိမိတ်၊

(င) မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်၊

(စ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါ ပညတ်၊

(ဆ) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ(၂၅)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ထိုက်သင့်ရာ ပညတ်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

ဒုတိယဈာန် ရူပကုသိုလ် တတိယဈာန် ရူပကုသိုလ်, စတုတ္ထဈာန် ရူပ ကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် –

(က) ကသိုဏ်းပညတ် (၁၀)ပါး၊

(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါနပဋိဘာဂနိမိတ်၊

(ဂ) မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်၊

(ဃ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါ ပညတ်၊

(င) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၁၄)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ထိုက်သင့်ရာ ပညတ် အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

ပဉ္စမဈာန် ရူပကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

(က) ကသိုဏ်းပညတ် (၁၀) ပါး၊

( ခ ) အာနာပါနဿတိ၏အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါနပဋိဘာဂနိမိတ်၊

( ဂ ) ဥပေက္ခာပြဟ္မဝိဟာရ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

ဤ (၁၂)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ထိုက်သင့်ရာ ပညတ်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

အာကာသာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

ဝိညာဏဉ္စာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့-သည် - အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

အာကိဉ္စညာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့-သည် - အာကာသာနဉ္စာယတနဈာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိ-ဘောပညတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

နေဝသညာနာသညာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန် တရားတို့သည် - အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

၃။ ပထမ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီး- သော ဂေါတြဘုကိစ္စတပ်သော သောမနဿသဟဂုတ် ဉာဏသမ္ပ- ယုတ် သသင်္ခါရိက သို့မဟုတ် အသင်္ခါရိက မဟာကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် - အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော အစ ရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟ- ဂုတ်ဇော (၄)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

ပထမ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီး- သော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ သတ္တိ၊ (၆)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ဥ- ပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော အစရှိသော ရှေး ရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာ- သေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

၄။ ပထမ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘုကိစ္စတပ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ပထမ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘုကိစ္စတပ်သော ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် သသင်္ခါရိက သို့မဟုတ် အသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မဟဂ္ဂုတ်ကုသိုလ် (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝ ဖြစ်သော အားကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယ သတ္တိ၊ (၁)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❁ ❁ ❁

အကယ်၍ အသင်သူတော်ကောင်းသည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ပြီး၍ ဈာန်သမာပတ်တို့ကိုလည်း ရရှိခဲ့ပါမူ အောက်ပါ မဟဂ္ဂုတ် ကြိယာဇောတို့၏ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ အပိုင်းကိုလည်း ရှုနိုင်ပါသည်။

## မဟဂ္ဂုတ် ကြိယာဇော နာမက္ခန္ဓာ

မဟဂ္ဂုတ်ကြိယာဇော (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | — | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | — | ၁ ၊ |
| ၃။ အနန္တရမျိုး | — | ၆ ၊ |
| ၄။ ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ ပကတူပနိဿယ | — | ၁ ၊ |

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာဂ္ဂုတ်ကြိယာဇော (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာဂ္ဂုတ်ကြိယာဇော(၉)၊ ဝိရတိကြဉ်သော စေတသိက် (၃၅)၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာဂ္ဂုတ်ကြိယာဇော (၉)ခု နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) ပထမစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁) ဖြစ်အံ့ - စျာနင် (၅)ပါး၊ ဒုတိယစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁) ဖြစ်အံ့ - စျာနင် (၄)ပါး၊ တတိယစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁) ဖြစ်အံ့ - စျာနင် (၃)ပါး၊ စတုတ္ထစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁) ဖြစ်အံ့ - စျာနင် (၂)ပါး၊ ပဉ္စမစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၅) ဖြစ်အံ့ - စျာနင် (၂)ပါး ပစ္စည်းတရားတို့က **စျာနသတ္တိ**၊

(ဇ) ပထမစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁) ဖြစ်အံ့ - ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး၊ ဒုတိယစျာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁), တတိယ

ဈာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁), စတုတ္ထဈာန် မဟာဂ္ဂုတ်ကြိယာစိတ် (၁), ပဉ္စမဈာန် မဟာဂ္ဂုတ်ကြိယာစိတ် (၅) ဖြစ်အံ့ - ဝိရတိ ဝိတက် ကြဉ်သော မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ (၇)**။ **(၆ + ၇ = ၁၃)**။

၂။ (က) ပထမဈာန် ရူပကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့-သည် (၂၅)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ပညတ်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ဒုတိယဈာန် ရူပကြိယာ, တတိယဈာန် ရူပကြိယာ, စတုတ္ထဈာန် ရူပကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် (၁၄) မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ပညတ်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ဂ) ပဉ္စမဈာန် ရူပကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် (၁၂)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ပညတ် အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ဃ) အာကာသာနဉ္စာယတနကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တ-ရားတို့သည် အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း (၉)မျိုးတို့တွင် တစ်မျိုးမျိုးကို ခွာ၍ ရအပ်သော ကောင်းကင် ပညတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(င) ဝိညာဏဉ္စာယတနကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ် + ကြိယာ နှစ်ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရား တို့က **အာရမ္မဏသတ္တိ၊ (၁)**။

**[မှတ်ချက် —** ဤဘဝ + ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ ဤဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူး-

သော အာကာသာနဉ္စာယတနကြိယာ - ဤ ကုသိုလ် + ကြိယာ နှစ်မျိုးလုံး သည် ဝိညာဏဉ္စာယတနကြိယာဇော နာမက္ခန္ဓာ၏ အာရုံ ဖြစ်နိုင်သည် ဟူ၏။]

(စ) အာကိဉ္စညာယတနကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းတည်း ဟူသော နတ္ထိဘာဝပညတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

(ဆ) နေဝသညာနာသညာယတနကြိယာ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ် ကြိယာ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပထမ မဟာဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

(ခ) ပထမ မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

(ဂ) ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကြိယာ

သောမနဿ/ဥပေက္ခာ သဟဂုတ်ဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ သောမနဿ/ဥပေက္ခာ သဟဂုတ်ဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ သတ္တိ၊ (၆)**။

၄။ (က) ပထမ မဟဂ္ဂုတ်ကြိယာ သောမနဿ သဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘုကိစ္စ တပ်သော မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ခ) ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ် ကြိယာ သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဂ) ပထမ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘုကိစ္စတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဃ) ဒုတိယဇော အစရှိသော နောက်နောက်သော မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော (၅)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မဟာဂ္ဂုတ်ကြိယာဇော (၉)ခု၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝ ဖြစ်သော = အားကောင်းသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## အရိယမဂ်ဇော နာမက္ခန္ဓာ

အရိယမဂ်ဇော (၂၀) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် –

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | – | ၁၃ ၊ |
| ၂။ အာရမ္မဏမျိုး | – | ၃ ၊ |
| ၃။ အနန္တရမျိုး | – | ၆ ၊ |
| ၄။ ဝတ္ထုမျိုး | – | ၅ ၊ |
| ၅။ ပကတူပနိဿယ | – | ၁ ၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အရိယမဂ်ဇော (၂၀) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် –

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အရိယမဂ်ဇော (၂၀)၊ အပ္ပမညာ ကြဉ်သော စေတသိက် (၃၆) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အရိယမဂ်ဇော (၂၀) နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) ပထမဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၅)ပါး,
ဒုတိယဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၄)ပါး,
တတိယဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၃)ပါး,
စတုတ္ထဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၂)ပါး,
ပဉ္စမဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၂)ပါး -
ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဇ) ပထမဈာန်မဂ်စိတ် (၄)ခု ဖြစ်အံ့ - မဂ္ဂင် (၈)ပါး၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်မဂ်စိတ် ဖြစ်အံ့ - ဝိတက်

ကြဉ်သော မဂ္ဂင် (၇)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၇)**။
**(၆ + ၇ = ၁၃)**။

၂။ နိဗ္ဗာန်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယ သတ္တိ၊ (၃)**။

၃။ (က) အရိယမဂ် သောမနဿသဟဂုတ်ဇော (၁၆)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

(ခ) အရိယမဂ် ဥပေက္ခာသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည်ဖြစ် ချုပ်လေပြီးသော ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

၄။ (က) အရိယမဂ် သောမနဿသဟဂုတ်ဇော (၁၆)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ခ) အရိယမဂ် ဥပေက္ခာသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော

မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူ ပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ (က) သောတာပတ္တိမဂ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့-သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

(ခ) သကဒါဂါမိမဂ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

(ဂ) အနာဂါမိမဂ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်-သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယ သတ္တိ၊ (၁)**။

(ဃ) အရဟတ္တမဂ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်း

တရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ(၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ဖလသမာပတ္တိဝီထိ
## မဂ္ဂါနန္တရဖိုလ်ဇော (၂၀) ဖြစ်ပေါ်လာပုံ

မဂ္ဂါနန္တရဖိုလ်ဇော (၂၀)၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

| | | | |
|---|---|---|---|
| ၁။ | သဟဇာတမျိုး | — | ၁၄ ၊ |
| ၂။ | အာရမ္မဏမျိုး | — | ၃ ၊ |
| ၃။ | အနန္တရမျိုး | — | ၆ ၊ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ၊ |
| ၅။ | ပကတူပနိဿယ | — | ၁ ၊ |

ဤ(၂၉)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဂ္ဂါနန္တရဖိုလ်ဇော (၂၀)၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော (၂၀)၊ အပ္ပမညာ ကြဉ်သော စေတသိက် (၃၆) - အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော (၂၀) နာမက္ခန္ဓာ၌ တည်ရှိသော အလောဘ အဒေါသ အမောဟ

ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) ပဌမဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၅)ပါး၊
ဒုတိယဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၄)ပါး၊
တတိယဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၃)ပါး၊
စတုတ္ထဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၂)ပါး၊
ပဥ္စမဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဈာနင် (၂)ပါး
ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဇ) ပဌမဈာန် မဂ္ဂါနန္တရဖိုလ်စိတ် ဖြစ်အံ့ - မဂ္ဂင် (၈)ပါး၊ ဒုတိယဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု, တတိယဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု, စတုတ္ထဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု, ပဥ္စမဈာန် မဂ္ဂါနန္တရဖိုလ်စိတ် (၄)ခု ဖြစ်အံ့ - ဝိတက်ကြဉ်သော မဂ္ဂင် (၇)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၇)**။ **(၇ + ၇ = ၁၄)**။

၂။ နိဗ္ဗာန်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယ သတ္တိ**၊ **(၃)**။

၃။ အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဆိုင်ရာ အရိယမဂ်ဇော (၂၀) တို့တွင် တစ်မျိုးမျိုးသော မဂ်ဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က

**အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတသတ္တိ၊ (၆)။**

၄။ အရိယမဂ်ဇော (၂၀)တို့တွင် မိမိဆိုင်ရာ အရိယမဂ်ဇော နာမက္ခန္ဓာ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)။**

၅။ (က) သောတာပတ္တိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ်စိတ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က ပကတူပ-**နိဿယသတ္တိ၊ (၁)။**

(ခ) သကဒါဂါမိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ်၊ သကဒါ-ဂါမိမဂ်စိတ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)။**

(ဂ) အနာဂါမိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝ ဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ်၊ သက-ဒါဂါမိမဂ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိမဂ်စိတ်၊ စေ-တသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)။**

(ဃ) အရဟတ္တဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝ ဖြစ်သော အားကောင်းသော လောကီစိတ် (၈၁)၊

သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိမဂ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တမဂ်စိတ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၉)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

❀ ❀ ❀

## ဖလသမာပတ္တိဖိုလ်ဇော (၂၀) ဖြစ်ပေါ်လာပုံ

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ (၄)ကြိမ် သို့မဟုတ် (၃)ကြိမ် - ထိုနောင် သောတာပတ္တိဖိုလ်စိတ် အစဉ်သည် (သကဒါဂါမိဖိုလ်စိတ် အစဉ်သည် /အနာဂါမိဖိုလ်စိတ် အစဉ်သည် /အရဟတ္တဖိုလ်စိတ် အစဉ်သည်) ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထိုနောင် တိဟိတ်ဘဝင် (၁၃)ခုတို့တွင် ထိုက်သင့်ရာ ဘဝင်တစ်ခုခုသည် ဘဝင် ဘဝင် . . . ဟု ဘဝင်ကိစ္စကို ရွက်ဆောင်လျက် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။

[**မှတ်ချက်** — သောတာပတ္တိဖလသမာပတ္တိဝီထိ သကဒါဂါမိဖလသမာပတ္တိဝီထိ အနာဂါမိဖလသမာပတ္တိဝီထိတို့၌ အနုလုံကိစ္စတပ်သော စိတ်တို့ကား မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄)မျိုးတို့တွင် တစ်မျိုးမျိုးတည်း။ အရဟတ္တဖလသမာပတ္တိဝီထိ၌ အနုလုံကိစ္စတပ်သော စိတ်တို့ကား မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)မျိုးတို့တွင် တစ်မျိုးမျိုးတည်း။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖလသမာပတ်ကို, သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိဖလသမာပတ်ကို, အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖလသမာပတ်ကို, ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖလသမာပတ်ကို အသီး

အသီး ဝင်စားနိုင်သည်။ မိမိဆိုင်ရာ ဖလသမာပတ်ကို ဝင်စား၍ ယင်းဖလသမာပတ် အတွင်းရှိ အရိယဖိုလ်ဇောကိုလည်းကောင်း, မဂ္ဂဝီထိအတွင်း၌ တည်ရှိသော မဂ္ဂါနန္တရဖိုလ်ဇောမှ တစ်ပါးသော ဖိုလ်ဇောတို့ကိုလည်း-ကောင်း အောက်ပါအတိုင်း ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ရှုနိုင်သည်။]

## အထူးမှတ်သားရန်

အရိယမဂ္ဂဝီထိအတွင်း၌ အရိယမဂ်၏ နောင်၌ ဆိုင်ရာ အရိယဖိုလ်ဇောသည် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် စော၏။ ထိုတွင် မဂ္ဂါနန္တရဖိုလ်ဇောဟူသည် ဆိုင်ရာအရိယမဂ်၏ နောက်၌ ကပ်လျက်ဖြစ်ပေါ်သွားသော ဆိုင်ရာအရိယဖိုလ်ဇောတည်း။ ထင်ရှားစေအံ့ — မဂ္ဂဝီထိအတွင်း၌ ထိုအရိယဖိုလ်ဇောမှာ (၂)ကြိမ် သို့မဟုတ် (၃)ကြိမ် ကျတတ်ရာ - ပထမအရိယဖိုလ်ဇောမှာ မဂ္ဂါနန္တရအရိယဖိုလ်ဇောဖြစ်၍ ဒုတိယအရိယဖိုလ်ဇော သို့မဟုတ် ဒုတိယအရိယဖိုလ်ဇော တတိယအရိယဖိုလ်ဇောတို့မှာ မဂ္ဂါနန္တရဖိုလ်ဇောမှ တစ်ပါး-သော ဖိုလ်ဇောတို့ပင်တည်း။

တစ်ဖန် အရိယာသူတော်ကောင်းတို့သည် မိမိတို့ရရှိထားသည့် အရိယဖိုလ်များကို တစ်ဖန်ပြန်၍ ဝင်စားနိုင်ကြ၏။ ဖလသမာပတ်ဟု ခေါ်ဆို၏။ ထိုဖလသမာပတ္တိဝီထိ၏ အတွင်း၌ တည်ရှိသော ဖိုလ်ဇောတို့မှာလည်း မဂ္ဂါနန္တရဖိုလ်ဇောမှ တစ်ပါးသော ဖိုလ်ဇောများပင်တည်းဟု မှတ်ပါ။

မဂ္ဂါနန္တရဖိုလ်ဇော၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ရေးသားတင်ပြခဲ့ပြီးဖြစ်၏။ ယခုတစ်ဖန် မဂ္ဂါနန္တရဖိုလ်ဇောမှ တစ်ပါးသော ဖိုလ်ဇော = ဖလသမာပတ္တိဖိုလ်ဇော နာမက္ခန္ဓာတို့၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်းကို ရေးသားတင်ပြပေအံ့။

မဂ္ဂါနန္တရဖိုလ်ဇော (၂၀)မှ တစ်ပါးသော ဖိုလ်ဇော (၂၀) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ | သဟဇာတမျိုး | — | ၁၄ ။ |
| ၂။ | အာရမ္မဏမျိုး | — | ၃ ။ |
| ၃။ | အနန္တရမျိုး | — | ၅ ။ |
| ၄။ | ဝတ္ထုမျိုး | — | ၅ ။ |
| ၅။ | နာနာက္ခဏိကကမ္မမျိုး | — | ၂ ။ |
| ၆။ | ပကတူပနိဿယ | — | ၁ ။ |

ဤ (၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဂ္ဂါနန္တရဖိုလ်ဇော (၂၀)မှ တစ်ပါးသော ဖိုလ်ဇော (၂၀) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော (၂၀)မှ တစ်ပါးသော ဖိုလ်ဇော (၂၀)၊ အပ္ပမညာကြဉ်သော စေတသိက် (၃၆)၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိအဝိဂတသတ္တိ၊ (၇)**။

သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော (၂၀)မှ တစ်ပါးသော ဖိုလ်ဇော (၂၀)နာမက္ခန္ဓာ၌ တည်ရှိသော

(ခ) အလောဘ အဒေါသ အမောဟ - ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့က **အဓိပတိသတ္တိ**၊

(ဃ) စေတနာပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(ဆ) ယင်း မဂ္ဂါနန္တရဖိုလ်ဇောမှ တစ်ပါးသော ဖိုလ်ဇောသည် —
ပထမဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဈာနင် (၅)ပါး,
ဒုတိယဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဈာနင် (၄)ပါး,
တတိယဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဈာနင် (၃)ပါး,
စတုတ္ထဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဈာနင် (၂)ပါး,
ပဥ္စမဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဈာနင် (၂)ပါး - ပစ္စည်းတရားတို့က **ဈာနသတ္တိ**။

(ဇ) ယင်းဖိုလ်ဇောသည် ပထမဈာနိကဖိုလ်ဇောဖြစ်အံ့ - မဂ္ဂင် (၈)ပါး ဒုတိယဈာနိကဖိုလ်ဇော, တတိယဈာနိကဖိုလ်ဇော, စတုတ္ထဈာနိကဖိုလ်ဇော, ပဥ္စမဈာနိကဖိုလ်ဇော ဖြစ်အံ့ - ဝိတက်ကြဉ်သော မဂ္ဂင် (၇)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၇)**။

**( ၇ + ၇ = ၁၄)**။

၂။ နိဗ္ဗာန်အာရုံ ပစ္စည်းတရားတို့က **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ**၊ **(၃)**။

၃။ (က) ပထမ အောက်ဖိုလ် သောမနဿသဟဂုတ်ဇော (၁၂) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။ [ဤ၌ ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော ပထမဆုံးဖိုလ်ဇောကို ရည်ညွှန်းထားသည်။]

(ခ) ဒုတိယဖိုလ်ဇော အစရှိသော (= မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိ နှစ်မျိုးလုံးအတွင်း၌ တည်ရှိသော ဒုတိယဖိုလ်ဇော အစရှိသော) နောက်နောက်သော အောက်ဖိုလ် သောမနဿ သဟဂုတ်ဇော (၁၂) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြား မရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဖိုလ်ဇော အစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ် သောမနဿသဟဂုတ်ဇော (၁၂) နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပ–နိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

(ဂ) ပထမ အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် (ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော ပထမဆုံးဖိုလ်ဇောကို ရည်ညွှန်းထားသည်။) - အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

(ဃ) (မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိ နှစ်မျိုးလုံးအတွင်း၌ တည်ရှိသော) ဒုတိယဖိုလ်ဇော အစရှိသော နောက်နောက်သော အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော ပထမဖိုလ် ဇော အစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ် ဥပေက္ခာ သဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

(င) ပထမ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမ-က္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည် ဖြစ်၍

ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကြိယာ သောမ-နဿသဟဂုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိ၊ (၅)**။ (ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော အရ-ဟတ္တဖိုလ် ပထမဇောကို ရည်ညွှန်းထားသည်။)

(စ) (အရဟတ္တမဂ္ဂဝီထိ အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်-လေပြီးသော ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိ၊ (၅)**။

(ဆ) (အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ပထမ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၁) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက ဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိ၊ (၅)**။

(ဇ) (အရဟတ္တမဂ္ဂဝီထိ အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၁) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော

ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် ဇော (၁) နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

(ဈ) နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော နေဝသညာနာသညာယတနကုသိုလ် အဆုံးဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

(ည) နိရောဓသမာပတ်မှ ထသောအခါ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် - အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော နေဝသညာနာသညာယတနကြိယာ အဆုံးဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ (က) (ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော) ပထမ အောက်ဖိုလ် သောမနဿသဟဂုတ်ဇော (၁၂) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စတပ်သော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ခ) (မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အောက်ဖိုလ် သောမနဿသဟဂုတ်ဇော (၁၂) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ်

သောမနဿ သဟဂုတ်ဇော (၁၂) နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဂ) (ဖလသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော) ပထမ အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စတပ်သော မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဃ) (မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၃)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(င) (အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ပထမ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စ တပ်သော မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သသင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(စ) (အရဟတ္တမဂ္ဂဝီထိ အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမဇော အစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော (၄)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဆ) (အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ပဌမ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၁)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သို့မဟုတ် သ-သင်္ခါရိက နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဇ) (အရဟတ္တမဂ္ဂဝီထိ အရဟတ္တဖလသမာပတ္တိဝီထိ အတွင်း၌ တည်ရှိသော) ဒုတိယဇော အစရှိသော နောက်နောက်သော အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၁)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမဇော အစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော (၁)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

(ဈ) နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော (၅)ခု၊ အရဟတ္တဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား

တို့သည် မိမိ မိမိတို့၏ ရှေးစိတ္တက္ခဏ တစ်ချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မဂ္ဂါနန္တရဖိုလ်ဇော (၂၀)မှ တစ်ပါးသော ဖိုလ်ဇော (၂၀) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော အတိတ် အရိယမဂ် ကုသိုလ်ကံ (၂၀) ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပ–နိဿယသတ္တိ၊ (၂)**။

၆။ (က) သောတာပတ္တိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်-ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပ–နိဿယသတ္တိ၊ (၁)**။

(ခ) သကဒါဂါမိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

(ဂ) အနာဂါမိဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်-ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပ–နိဿယသတ္တိ၊ (၁)**။

(ဃ) အရဟတ္တဖိုလ်ဇော (၅)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁)၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — နာနာက္ခဏိကကမ္မမျိုး၌ အရိယမဂ် ကုသိုလ်ကံကို စုပေါင်း၍ ရေးသားတင်ပြထားပါသည်။ လက်တွေ့ရှုသောအခါ ဆိုင်ရာ အရိယမဂ်တရားကြောင့် ဆိုင်ရာ အရိယဖိုလ် ဖြစ်ပုံကိုသာ ရှုပါ။]

❀ ❀ ❀

## သံသရာခရီးတစ်လျှောက်

ဤတွင် တိဟိတ်လူသားတစ်ဦး ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင်သော ဘဝတစ်လျှောက်အတွင်း၌ ဖြစ်သင့် ဖြစ်ထိုက်သော စိတ္တက္ခဏ အမျိုးအစားတို့၏ အခိုက်အတန့် အသီးအသီး၌ ခန္ဓာ (၅)ပါး ဖွဲ့၍ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်းကို ရေးသားတင်ပြပြီးခဲ့လေပြီ။ အသင်သူတော်ကောင်းသည် မိမိရှုနိုင်သမျှ စိတ္တက္ခဏတို့၌ ခန္ဓာ (၅)ပါးဖွဲ့၍ အထက်ပါအတိုင်း နည်းမှီး၍ ရှုပါ။

အဒ္ဓါပစ္စုပ္ပန် အမည်ရသော ပစ္စုပ္ပန် ဘဝတစ်လျှောက်အတွင်း၌ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင် အသင်သူတော်ကောင်း၏ ရုပ်နာမ်သန္တာန် အစဉ်ဝယ် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ စိတ်အမျိုးအစားတို့၏ စိတ္တက္ခဏ

တိုင်းဝယ် ခန္ဓာ (၅)ပါးနည်းဖြင့် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ရှုပြီးသောအခါ အတိတ်အဆက်ဆက်သို့လည်းကောင်း, အနာဂတ်အဆက်ဆက်သို့လည်း-ကောင်း ပြောင်း၍ ရှုနိုင်ပေပြီ။

ထို့သို့ ရှုရာ၌ ဘဝတစ်ခု၏ အတွင်း၌ ဖြစ်ပေါ်နေသော စိတ္တက္ခဏ တိုင်းဝယ် တည်ရှိသော ခန္ဓာငါးပါးတိုင်းကိုကား ကုန်စင်အောင် မရှုနိုင်။ အမျိုးအစားကိုသာ စွမ်းနိုင်သမျှ ကုန်စင်အောင် ရှုရန်ဖြစ်သည်ကို သတိပြုပါ။

မြုပ်တစ်ခါ ပေါ်တစ်လှည့်ဖြင့် သံသရာတစ်လျှောက်ဝယ် ကျင်လည် ခဲ့ရာ ရံခါ အကုသိုလ်ကံက အကျိုးပေးရန် အခွင့်သာသဖြင့် အပါယ်သို့ ကျရောက်ခဲ့ရသည်လည်း ရှိ၏။ ရံခါ ကုသိုလ်ကံက အကျိုးပေးရန် အခွင့်သာ သဖြင့် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ အထက်တန်းကျကျ မျက်နှာပန်း လှလှဖြင့် စံမြန်းခဲ့ရသည်လည်း ရှိ၏။ ထိုဘဝတို့၌လည်း ပစ္စုပ္ပန်ဘဝနည်းတူ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ရှုနိုင်ပေသည်။ ထိုသို့ ရှုရာ၌ ဝီထိစိတ္တက္ခဏရှိ ခန္ဓာငါးပါးတို့ကို အထက်တွင် ဖော်ပြထားသည့်အတိုင်း နည်းမှီး၍ ရှုပါ။ ဤတွင် ဝီထိမုတ်စိတ်တို့ကိုသာ ဆက်လက်၍ ရေးသားတင်ပြပေအံ့။

❀ ❀ ❀

## အတိတ် ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ

**[မှတ်ချက်** — ရူပက္ခန္ဓာကို နည်းမှီး၍ ရှုပါ။**]**

၁။ အတိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ,
၂။ အတိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ - ဟု

အတိတ် ပဋိသန္ဓေ နှစ်မျိုး ရှိ၏။

၁။ အတိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏကား အပါယ်ဘုံသား သတ္တဝါတို့၏ ပဋိသန္ဓေတည်း။

၂။ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏကား —

က။ ဇစ္စန္ဓ = ပဋိသန္ဓေအားဖြင့် ကာဏ်းသူ = သန္ဓေကာဏ်း၊

ခ။ ဇစ္စဗဓိရ = ပဋိသန္ဓေအားဖြင့် နားထိုင်းသူ = သန္ဓေပင်း၊

ဂ။ ဇစ္စဃာနက = ပဋိသန္ဓေအားဖြင့် ဃာနပသာဒ မရှိသူ၊

ဃ။ ဇစ္စမူဂ = ပဋိသန္ဓေအားဖြင့် စကားမပီဘဲ ဆွံ့အသူ၊

င။ ဇစ္စဇဠ = ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းဖျင်းအသူ = တင်းတောင်း ပမာဏ မူးမတ်ပဲရွေး အရှေ့ အနောက် တောင် မြောက် စသည်ကိုမျှ မသိသူ၊

စ။ ဇစ္စုမ္မတ္တက = ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ၊

ဆ။ ပဏ္ဍက = ပဏ္ဍုက် = ပန်းစုပ်၊

ဇ။ ဥဘတောဗျဉ္ဇနက = ဥဘတောဗျည်း = ဗျည်းနှစ်ခု ရှိသူ သို့မဟုတ် ယောက်ျားတစ်လှည့် မိန်းမတစ်လှည့် ဗျည်းထင်ရှားသူ၊

ဈ။ နပုံသက = နပုံပဏ္ဍုက် = မိန်းမအင်္ဂါလည်း မထင်ရှား ယောက်ျား အင်္ဂါလည်း မထင်ရှားသူ၊

ည။ မမ္မ = မန်းစွဲသူ = စကားပြောလျှင် အမျှင်မပြတ်ဘဲ ဒရွတ်ဆွဲ၍ ပြောရသူ - ဤသို့စသော လူစဉ်မမီသူများနှင့် —

ဋ။ ဝိနိပါတိကာသုရ = ဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်၍ နေကြ ရသော စည်းစိမ်ဥစ္စာ အိပ်ရာနေရာ ကောင်းမွန်စွာ မရှိဘဲ ဖောက်- ပြန် ပျက်စီး၍နေသော နတ်သေး နတ်မွား နတ်အငယ်စားတို့၏ ပဋိသန္ဓေတည်း။

ယင်းစိတ်သည် ဘဝ၏ အစတွင် ပဋိသန္ဓေကိစ္စကို ရွက်ဆောင်၍ အလယ်တွင် ဘဝင်ကိစ္စကို ရွက်ဆောင်ပြီးလျှင် အဆုံးတွင် စုတိကိစ္စကို ရွက်- ဆောင်ပေသည်။ ယခုအခါ ပဋိသန္ဓေကစ၍ တင်ပြပေအံ့။

အပတိတ်ပဋိသန္ဓေ (၂)ခု၊ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

၁။ နာမ်သဟဇာတမျိုး — ၁၁ ၊
၂။ ရုပ်သဟဇာတမျိုး — ၆ ၊
၃။ အာရမ္မဏမျိုး — ၁ ၊
၄။ အနန္တရမျိုး — ၅ ၊
၅။ နာနာက္ခဏိကကမ္မမျိုး — ၂ ၊

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က တစ်ပြိုင်နက် ထိုက်-သည့်အားလျော်စွာ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အပတိတ်ပဋိသန္ဓေ (၂)ခု၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀)၊ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အပတိတ်ပဋိသန္ဓေ (၂)ခု၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀)၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

